awba group

# SUSTAINABILITY REPORT 2023





# မာတိကာ

**ဤအစီရင်ခံစာအကြောင်း** ၀၂

**မြန်မာ့ဩဘာလုပ်ငန်းစုအကြောင်း** ၀၃

**မဟာဗျူဟာ အစီရင်ခံစာ** ၀၄

- ဦးဆောင်သူ၏ အဆိုပြုချက် ၀၄
- မြန်မာဩဘာလုပ်ငန်းစု - မြန်မာတောင်သူလယ်သမားများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် တန်ဖိုးများ ဖန်တီးပေးခြင်း ၀၆
- ရေရှည်တည်တံ့ခိုင်မြဲရေးအား လုပ်ငန်း၏မဏ္ဍိုင်အဖြစ် ထည့်သွင်းလုပ်ဆောင်ခြင်း ၀၇

**ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အထများ** ၁၀

- မြန်မာ့ဩဘာ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအား စီမံခန့်ခွဲခြင်း ၁၀
- သုတေသနနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်များတွင် ရင်းနှီးမြှုပ်နှံခြင်း ၁၀
- ထုတ်ကုန်များအား တာဝန်သိစွာသုံးစွဲနိုင်သည့်အကျင့် ပျိုးထောင်ပေးခြင်း ၁၀
- အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း ၁၁
- ပြန်လည်ရှင်သန်စိုက်ပျိုးရေးနည်းစနစ်သစ် ဖော်ဆောင်ခြင်း ၁၂

**ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်** ၁၃

- အလုပ်ရှင်ကောင်း ပီသခြင်း ၁၃
- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ဆောင်ချက်များ မြှင့်တင်ခြင်း ၁၄
- ဝန်ထမ်းများနှင့်အတူ ရပ်တည်ခြင်း ၁၅

**ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာ အလေ့အထများ** ၁၆

- သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုလျှော့ချခြင်း ၁၆
- ဒေသခံစီးပွားရေးကို ဖော်ဆောင်ခြင်း ၁၈
- စီးပွားရေးသမာဓိ ခိုင်မာစေခြင်း ၁၈

**ပိုမိုကောင်းမွန်အောင် အားလုံးအတူတကွဆောင်ရွက်ခြင်း** ၁၉

- အကျိုးသက်ဆိုင်သူများနှင့် တက်ကြွစွာဆက်ဆံခြင်း ၁၉
- လိုအပ်နေသူများအား ပံ့ပိုးကူညီခြင်း ၁၉

**ESG အစီရင်ခံတင်ပြခြင်း** ၂၀

- စံနှုန်းများ ၂၀

# ဤအစီရင်ခံစာအကြောင်း

ဤရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံစာသည် မြန်မာ့သြဘာလုပ်ငန်းစုမှ ပထမဆုံးအကြိမ် ထုတ်ဝေသော အစီရင်ခံစာဖြစ်သည်။ ဤအစီရင်ခံစာမှတစ်ဆင့် မြန်မာ့သြဘာလုပ်ငန်းစု၏ အကျိုးသက်ဆိုင်သူများအပေါ် ထားရှိသော တာဝန်သိရှိမှုနှင့် ပွင့်လင်းမြင်သာမှု ကတိကဝတ်ကို ထင်ဟပ်ဖော်ပြပါသည်။

ဤအစီရင်ခံစာတွင် မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ငန်းများနှင့် အဖွဲ့အစည်းများ အားလုံးကို ထည့်သွင်းဖော်ပြထားသည်။ ဤအစီရင်ခံစာတွင် မြန်မာ့သြဘာလုပ်ငန်းစု၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် စွမ်းဆောင်ချက်များအား သိရှိစေရန် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များ၊ တိုးတက်မှုများနှင့် ရလဒ်များကို ကိန်းဂဏန်းအချက်အလက်များ၊ အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များနှင့်တကွ ဖော်ပြထားသည်။ ကိန်းဂဏန်းအချက်အလက်များသည် သီးခြားမှတ်ချက်ပြုထားခြင်း မရှိပါက ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လ (ဘဏ္ဍာနှစ် ၂၀၂၂/၂၃) အတွင်း အကျုံးဝင်ပါသည်။ အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် မတ်လအတွင်းမှ ဖြစ်သည်။

ထုတ်ဖော်ပြသထားသည့် အချက်အလက်များကို အခြားပြင်ပ အဖွဲ့အစည်းမှ စစ်ဆေးထားခြင်း မရှိသေးပါ။

မြန်မာ့သြဘာလုပ်ငန်းစု၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော ဤအစီရင်ခံစာအား Global Reporting Initiative (GRI) စံနှုန်းများနှင့် အညီ လုပ်ဆောင်ထားပြီး ၂၀၂၄ ခုနှစ်မတိုင်မီ စိုက်ပျိုးရေးကဏ္ဍ၏ GRI စံနှုန်းများကို လိုက်နာထားသည်။

ဤအစီရင်ခံစာအား ၂၄ ရက် ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစု အုပ်ချုပ်ရေးမှ ပြန်လည်သုံးသပ်ပြီး အတည်ပြုထားသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ဆက်စပ်သော အခြားအချက်အလက်များကို သိရှိလိုပါက မြန်မာ့သြဘာလုပ်ငန်းစု၏ ဝက်ဘ်ဆိုက်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဤအစီရင်ခံစာတွင် ရည်ညွှန်းချက်များ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- “ကျွန်ုပ်တို့”၊ “မြန်မာ့သြဘာလုပ်ငန်းစု” နှင့် “MAG” တို့သည် အဓိပ္ပာယ်တူညီသည်။
- “မနှစ်က”၊ “၂၀၂၃ ခုနှစ်” တို့သည် ဘဏ္ဍာနှစ် ၂၀၂၂/၂၃ ခုနှစ်ကို ရည်ညွှန်းသည်။
- “၂၀၂၂ ခုနှစ်” သည် ဘဏ္ဍာနှစ် ၂၀၂၁/၂၂ ခုနှစ်ကို ရည်ညွှန်းသည်။
- “၂၀၂၁ ခုနှစ်” သည် ဘဏ္ဍာနှစ် ၂၀၂၀/၂၁ ခုနှစ်ကို ရည်ညွှန်းသည်။

# မြန်မာ့သြဘာလုပ်ငန်းစုအကြောင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် မိသားစုပိုင်ကုမ္ပဏီအုပ်စုအနေဖြင့် ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။[1] မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးသီးနှံများကာကွယ်ခြင်း၊ သီးနှံအာဟာရနှင့် အရည်အသွေးမြင့် မျိုးစေ့များကို ထောက်ပံ့ခြင်း အစရှိသည့်လုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို အဓိကထား၍ ထုတ်လုပ်ဖြန့်ဖြူးနေသော အကြီးမားဆုံး ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ အဓိက လုပ်ဆောင်ချက်များကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားများ၏စီးပွားရေးလုပ်ငန်း ဆက်လက်တည်တံ့စေရန်နှင့် ကြီးပွားတိုးတက်စေရန် အတွက် အသေးစားချေးငွေများနှင့် ငွေကြေးဆိုင်ရာ ဖြေရှင်းချက်များကို လယ်သမားများ လိုအပ်လျက်ရှိကြောင်းကို နားလည် သဘောပေါက်ပါသည်။ ထို့အတွက်ကြောင့် မြန်မာနိုင်ငံ တောင်သူလယ်သမားများ အားလုံးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားများအနေဖြင့် မြန်မာ့သြဘာ လုပ်ငန်းစုမှ ထုတ်လုပ်သည့် ဆန်စပါး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ အစရှိသည့် အရည်အသွေးမြင့် မျိုးစေ့ အမျိုးမျိုးကို ရယူနိုင်ရန် လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖြန်း မြေသြဇာနှင့် အပင်ကြီးထွားစေသည့် ထုတ်ကုန် ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရန် အတွက် ပြည်တွင်း၌ ထုတ်လုပ်သည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် တောင်သူလယ်သမားများ အထွက်နှုန်းတိုး၍ အမြတ်ငွေပိုမို ရရှိနိုင်ရန် စိုက်ပျိုးသီးနှံများ အတွက် အကောင်းဆုံး အာဟာရများ ပေးစွမ်းနိုင်သည့် အရည်အသွေးမြင့်၍ စိုက်ပျိုးမြေပေါ် အခြေခံထုတ်လုပ်ထားသော ဓာတ်မြေသြဇာများကို အဓိကအမှတ်တံဆိပ် ၄ မျိုးဖြင့် ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် ထုတ်ကုန်ပေါင်း ၄၄၀ ကျော်ကို စီမံခန့်ခွဲကာ ဈေးကွက်တွင် ရောင်းချလျက်ရှိသည်။ ကျွန်ုပ်တို့ရှိ ကျွမ်းကျင်ပညာရှင်များမှလည်း နိုင်ငံတစ်ဝှမ်းရှိ ဖြန့်ဖြူး ရောင်းချသူ ၃,၃၆၀ ကျော်နှင့် ထိတွေ့ဆက်ဆံပြီး မြန်မာ့သြဘာလုပ်ငန်းစုရှိ စိုက်ပျိုးရေးပညာရှင်များမှ တောင်သူလယ်သမားများကို နေ့စဉ်နှင့်အမျှ အကြံပေးလျက်ရှိပါသည်။

တောင်သူလယ်သမားများ သီးနှံအထွက်နှုန်းများ တိုးတက်၍ ပိုမိုကောင်းမွန်သော အကျိုးအမြတ်များ ရရှိစေရန် အတွက် နည်းပညာသစ်များကို အသုံးချပြီး ဝန်ဆောင်မှု အသစ်များ၊ ဖြေရှင်းချက်အသစ်များကို ပေးဆောင်လျက်ရှိသည်။

## ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

မြန်မာ့သြဘာလုပ်ငန်းစု၏ ဒါရိုက်တာဘုတ်အဖွဲ့နှင့် ၎င်းတို့၏ လတ်တလော လုပ်ဆောင်မှု အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ဤနေရာတွင် နှိပ်ပါ။

[1] မြန်မာ့သြဘာလုပ်ငန်းစု၏ ကုမ္ပဏီများ စာရင်းကို ဤဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

# မဟာဗျူဟာ အစီရင်ခံစာ

## ဦးဆောင်သူ၏ အဆိုပြုချက်



လေးစားရပါသော စာဖတ်သူများခင်ဗျာ

မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးသည် အလွန်အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ တောင်သူဦးကြီးများ၏ လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံရှိ ပြည်သူများအား စားနပ်ရိက္ခာနှင့် အလုပ်အကိုင်များ ထောက်ပံ့လျက်ရှိ၍ မြန်မာနိုင်ငံစီးပွားရေး၏ အသက်သွေးကြောသဖွယ် တည်ရှိနေပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအတွင်း လယ်ယာစိုက်ပျိုးရေးအခန်းကဏ္ဍသည် မြန်မာနိုင်ငံ ပြည်တွင်းအသားတင်အမြတ်ငွေ၏ ၂၂ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော် ရရှိကာ ဓါတ်ငွေ့နှင့် အထည်ချုပ်လုပ်ငန်းပြီးနောက် တတိယအဆင့်တွင် တည်ရှိသည်။ မြန်မာနိုင်ငံရှိ ၇ ဒသမ ၁ သန်းကျော်ရှိသော တောင်သူဦးကြီးများသည် မြန်မာနိုင်ငံပြည်သူများ ကယ်လိုရီစားသုံးမှု၏ ၇၅ ရာခိုင်နှုန်းနှင့် နေ့စဉ်အသုံးစရိတ်၏ ၅၀.၈ ရာခိုင်နှုန်းအထိ နေ့စဉ်ဝယ်ယူစားသုံးလျက်ရှိသော ဆန်၊ ဟင်းသီးဟင်းရွက်နှင့် ပဲအစရှိသည်တို့ကို နေစဉ်ပံ့ပိုးပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။[2]

**တောင်သူဦးကြီးများ၏ ပံ့ပိုးကူညီမှုနှင့် မြန်မာနိုင်ငံပြည်သူများအတွက် ၎င်းတို့၏ အရေးပါမှုသည် မြန်မာ့သြဘာလုပ်ငန်းစု၏ မျှော်မှန်းချက်များကို ကျေပွန်စွာ ထမ်းဆောင်ရန် လှုံ့ဆော်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရှိတောင်သူဦးကြီးများအတွက် ရေရှည်တည်တံ့သော အရည်အသွေးမြင့် ဖြေရှင်းချက်များ၊ ဝန်ဆောင်မှုများနှင့် ကျေးလက်လယ်ယာစိုက်ပျိုးရေးအသိုင်းအဝန်းများအား မြှင့်တင်အားကောင်းစေမည့် အခွင့်အလမ်းများအား ဖန်တီးပေးလျက်ရှိသည်။** ဤအကြောင်းအရာသည် မြန်မာ့သြဘာလုပ်ငန်းစုရှိ စီးပွားရေးလုပ်ငန်းယူနစ်များ၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းပေါင်း ၂၆၀၀ ကို နေ့စဉ်လှုံ့ဆော်ပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအား အရည်အသွေးမြင့်၍ ကုန်ကျစရိတ်သက်သာသော လယ်ယာထွက်ကုန်များ၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ကျွမ်းကျင်ပိုင်နိုင်မှုများကို ဆောင်ရွက်ပေးနိုင်ရန် မိမိကိုယ်ကို မေးခွန်းထုတ်၍ တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။

[2] အသေးစိတ်သိရှိလိုပါက Quarterly Statistics Bulleting, 2022-2023 (Q4) နှင့်
Myanmar Agricultural Statistics (2013-2014 to 2021-2022) တွင်လေ့လာနိုင်သည်။

ယနေ့တွင် မြန်မာ့သြဘာလုပ်ငန်းစု၌ ဖြန့်ဖြူးသူ ၃၃၆၀ ကျော်ပါဝင်သည့် ကျယ်ပြန့်သော ကွန်ရက်ဖြင့် ထွက်ကုန်ပေါင်း ၄၄၆ ခုနှင့် သီးနှံများ စိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရန် အထူးပြုပြင်ထုတ်လုပ်ထားသော ဖြေရှင်းချက်များကို မြန်မာနိုင်ငံတောင်သူလယ်သမားများအား ပံ့ပိုးပေးနိုင်သည့်အတွက် ဝမ်းမြောက်ပါသည်။

မြန်မာနိုင်ငံတွင် တာဝန်သိစွာ စီးပွားရေးလုပ်ကိုင်ရသည်မှာ စိန်ခေါ်မှုများစွာရှိပြီး မြန်မာ့သြဘာလုပ်ငန်းစု အနေဖြင့် ကုန်ကြမ်းတင်သွင်းမှုကို စဉ်ဆက်မပြတ် သေချာစေနိုင်ရေး၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများအပါအဝင် နိုင်ငံတစ်ဝှမ်းသို့ ထုတ်ကုန်များအား ဖြန့်ဖြူးပေးနိုင်ရေး၊ ဝန်ထမ်းများနှင့် ဖြန့်ဖြူးသူများ၏ လုံခြုံရေး၊ မြန်မာ့သြဘာလုပ်ငန်းစု၏ ပိုင်ဆိုင်မှုများ ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းရေး အစရှိသည့် စိန်ခေါ်မှုများကို နေ့စဉ်နှင့်အမျှ ကိုင်တွယ်ဖြေရှင်းနေရသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့ ဝန်ထမ်းများအားလုံးအား ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ ရည်ရွယ်ချက်အတွက် ဝန်ထမ်းများ၏ စိတ်အားထက်သန်မှုသည် ကျွန်ုပ်တို့အတွက် စိတ်ကျေနပ်မှုရရှိစေပြီး ၎င်းတို့၏ ကြိုးစားအားထုတ်မှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု ဆက်လက်လည်ပတ်နေနိုင်ခြင်းသည် ဝန်ထမ်းများ သန္နိဋ္ဌာန်ခိုင်မာမှု၏ အကောင်းဆုံးသက်သေတစ်ခုပင်ဖြစ်သည်။

**ရေရှည်တည်တံ့မှုသည် မြန်မာ့သြဘာလုပ်ငန်းစုအတွက် ဟန်ပြသာဆောင်ရွက်နေခြင်းမဟုတ်ပါ - မြန်မာနိုင်ငံရှိတောင်သူလယ်သမား များသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို တွေ့ကြုံခံစားနေကြရပြီး၊ ထိုမှတဆင့် ဆုံးရှုံးနိုင်ခြေများဖြစ်ပေါ်လာနိုင်သလို စီးပွားရေးအခွင့်အလမ်းများ ရရှိလာနိုင်ကြောင်း နားလည်သဘောပေါက်ပါသည်။** ထို့ကြောင့်မြန်မာ့သြဘာလုပ်ငန်းစုသည် အော်ဂဲနစ်ဓာတ်မြေသြဇာများ စမ်းသပ်ထုတ်လုပ်ခြင်း၊ စွမ်းအင်ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ရှာဖွေခြင်း အစရှိသည့် ပိုမို အချိတ်အဆက်မိသော စက်ဝန်းပုံဆောင် စီးပွားဂေဟစနစ်အတွက် ဖြေရှင်းချက်များကို ဖော်ထုတ် နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်တို့ မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို အသုံးပြုရာတွင် တောင်သူလယ်သမားများ အနေဖြင့် တတ်နိုင်သမျှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်ပါသည်။

**ဤသို့အခက်အခဲများကြားမှပင် မြန်မာ့သြဘာလုပ်ငန်းစုသည် ယုံကြည်စိတ်ချရသော မိတ်ဖက်အဖြစ် အမြဲရပ်တည်နိုင်ရန် ကတိပြုအပ်ပါသည်။ ပွင့်လင်းမြင်သာရှိခြင်းသည် ယခုအချိန်ကာလတွင် ခက်ခဲနိုင်သည်ကို အသိအမှတ်ပြုပါသည်။ သို့သော်လည်း မြန်မာ့သြဘာလုပ်ငန်းစု၏ အကျိုးသက်ဆိုင်သူများမှ ကျွန်ုပ်တို့အား တာဝန်ခံမှုရှိ၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ လုပ်ဆောင်ရန် မျှော်လင့်ထားကြောင်းကိုလည်း နားလည်သဘောပေါက်ပါသည်။** ထို့ကြောင့် မြန်မာ့သြဘာလုပ်ငန်းစုသည် ၂၀၂၂ ခုနှစ်မှစတင်၍ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော အချက်အလက်များကို ထုတ်ဖော်ပြသခဲ့ပြီး မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲမှုဗျူဟာများကို တည်ဆောက်ကာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာခဲ့သည်။ ထို့အတွက်ကြောင့် ဤပထမဆုံးရေရှည်တည်တံ့မှုအစီရင်ခံစာနှင့်အတူ မြန်မာ့သြဘာလုပ်ငန်းစု၏ ရလဒ်များနှင့် တိုးတက်မှုများကို မျှဝေရသည့်အတွက် ဝမ်းမြောက်မိပါသည်။

ဤအစီရင်ခံစာနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက သို့မဟုတ် မေးမြန်းအကြံပြုလိုပါက မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အရာရှိထံ ဆက်သွယ်နိုင်ပါသည်။ ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ လက်ရှိလုပ်ငန်းစဉ်အစီအစဉ်အား ပိုမိုကောင်းမွန်အောင် ကူညီပေးနိုင်သောကြောင့် မြန်မာ့သြဘာလုပ်ငန်းစုမှ ကြိုတင်ကျေးဇူးတင်ရှိပါသည်။



**ဦးသတိုးဟိန်း**
**မြန်မာ့သြဘာလုပ်ငန်းစု အမှုဆောင်အရာရှိချုပ်**

# မြန်မာ့သြဘာလုပ်ငန်းစု - မြန်မာတောင်သူလယ်သမားများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် တန်ဖိုးများ ဖန်တီးပေးခြင်း

**လယ်ယာ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံအတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း**

- မြန်မာနိုင်ငံ ပြည်တွင်းအသားတင်အမြတ်ငွေ၏ ၂၂ ရာခိုင်နှုန်း[3]
- ပို့ကုန်တန်ဖိုး၏ ၁၈ ရာခိုင်နှုန်း[4]
- အလုပ်အကိုင်ရရှိမှု၏ ၄၈.၈ ရာခိုင်နှုန်း[5]

နိုင်ငံတစ်ဝှမ်းရှိတောင်သူလယ်သမားများသည် ကောက်ပဲသီးနှံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်နိုင်ရန် နေ့စဉ်နှင့်အမျှ ကြိုးစားအားထုတ်လျက်ရှိသည်။ ၎င်းတို့သည် မြန်မာလူမျိုးများအတွက် အာဟာရပြည့်ဝရန်၊ မြန်မာ့စီးပွားရေး နှင့် လူမှုအသိုက်အဝန်းအားတည်တံ့စေရန်အတွက်မရှိမဖြစ်လိုအပ်ပါသည်။

**မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာနိုင်ငံတောင်သူလယ်သမားများကို ကျယ်ပြန့်သော စိုက်ပျိုးရေး အဖြေရှာမှုများ ပံ့ပိုးပေးလျက်ရှိပါသည်။**

- လုပ်ငန်းခွဲ ၁၄ ခု
- ပန်းတိုင် တစ်ခုနှင့် ဝန်ထမ်း ၂၆၀၀

မြန်မာ့သြဘာလုပ်ငန်းစု၏ စီးပွားရေးယူနစ်များကြား ပူးပေါင်းဆောင်ရွက်မှုများသည် တောင်သူ လယ်သမားများအား ထိရောက် မှုရှိသော ထုတ်ကုန်များဖြစ်သည့် စိုက်ပျိုးမျိုးစေ့များ၊ စိုက်ပျိုးရေးသုံးဆေးဝါးများ၊ ဓာတ်မြေသြဇာအစရှိသည်တို့ကို ရရှိရန်နှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ဘဏ္ဍာငွေပိုင်းဆိုင်ရာ ထောက်ပံ့ပေးနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိသည်။

**ထုတ်ကုန်အသစ်များနှင့် ဖော်မြူလာအသစ်များကို ဖန်တီးရန် မြန်မာ့သြဘာလုပ်ငန်းစုရှိ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို အသုံးချလျက် ရှိသည်။**

- R&D အတွက် သီးသန့်အဖွဲ့ထားရှိခြင်း
- ထုတ်ကုန်ပေါင်း ၄၄၀ ကျော်ကို ထုတ်လုပ်ခြင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် အောက်တိုဘာလ ၂၀၂၂ ခုနှစ်မှစ၍ ထုတ်ကုန်အသစ် ၄၆ ခုအား တီထွင်နိုင်ခဲ့သည်။ ကျွန်ုပ်တို့လုပ်ငန်း ဆောင်ရွက်မှုများမှတဆင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချရန် ရည်ရွယ်ပါသည်။

**မြန်မာ့သြဘာလုပ်ငန်းစုသည် မြန်မာနိုင်ငံရှိ အရည်အသွေးမြင့် စိုက်ပျိုးရေးသုံး ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။**

- မှော်ဘီမြို့နယ်တွင် ရှိသောစက်ရုံ ၁ ရုံ
- ၁၂၇,၀၀၀ တန် အလေးချိန်ရှိသော ထုတ်လုပ်ပြီးပစ္စည်းများ

မြန်မာ့သြဘာလုပ်ငန်းစုသည် ထုတ်လုပ်မှု အရည်အသွေး၊ လုပ်ငန်းလည်ပတ်မှု ဘေးကင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အမြဲစောင့်ကြည့်လျက်ရှိပြီး စနစ်တကျ စီမံခန့်ခွဲလျက် ရှိသည်။

**မြန်မာ့သြဘာလုပ်ငန်းစုသည် အောက်တိုဘာလ ၂၀၂၂ ခုနှစ်မှ မတ်လ ၂၀၂၃ ခုနှစ်အတွင်း သုံးစွဲသူပေါင်း ၃၂၀၀၀၀ အား ဝန်ဆောင်မှုပေးခဲ့သည်။**

- ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၀ ခုတွင် ဖြန့်ဖြူးသူပေါင်း ၃၃၆၀ ကျော်
- တောင်သူလယ်သမားပေါင်း ၇၄၈၀၀ ကျော်အား ကျွန်ုပ်တို့၏ ထုတ်ကုန်များကို အကျိုးရှိရှိနှင့် တာဝန် သိစွာ အသုံးပြုရန် လေ့ကျင့်သင်ကြားပေးထားသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် ဖြန့်ဖြူးသူများကွန်ရက်နှင့် လက်တွဲရာတွင် ကျွန်ုပ်တို့၏ စိုက်ပျိုးရေးပညာရှင်များမှလည်း နိုင်ငံတစ်ဝှမ်းရှိ တောင်သူများနှင့် နေ့စဉ်ထိတွေ့ဆက်ဆံခြင်း၊ ထုတ်ကုန်များကို အကောင်းဆုံးအသုံးပြုနည်းများကို အကြံပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်လျက်ရှိသည်။

**မြန်မာ့သြဘာလုပ်ငန်းစုသည် သုံးစွဲသူ လုပ်ငန်းများကို ငွေကြေးထောက်ပံ့နိုင်ရန်အတွက် ဖြေရှင်းချက်များ ပံ့ပိုးကူညီလျက်ရှိသည်။**

- ကျွန်ုပ်တို့၏ အသေးစားငွေရေးကြေးရေးလုပ်ငန်း တစ်ခုဖြစ်သည့် MAHA Agriculture Microfinance သည် လယ်သမား ၅၈,၀၀၀ ကျော်နှင့် လက်တွဲ လုပ်ဆောင်လျက်ရှိသည်။
- ကျွန်ုပ်တို့၏ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း တစ်ခု ဖြစ်သည့် ZEGA Finance မှလည်း သုံးစွဲသူပေါင်း ၁၃၀၀ ကျော်အား ဝန်ဆောင်မှုပေးလျက်ရှိသည်။

တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုသည် နိုင်ငံတကာရန်ပုံငွေများ ရယူပြီး သုံးစွဲသူများ၏ လုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာ ဖြေရှင်းချက်များကို ပေးဆောင်လျက်ရှိသည်။ MAHA Agriculture Microfinance မှတစ်ဆင့် ၅၅.၄ ဘီလီယံကျပ်တန်ဖိုးရှိသည့် ပမာဏကို ဖြန့်ကျက် ဝန်ဆောင်မှု ပေးခဲ့သည်။

[3] Central Statistical Organization, *Quarterly Statistics Bulletin, 2022-2023 (Q4)*, 2023.
[4] Central Statistical Organization, *Myanmar Agricultural Statistics (2013-2014 to 2021-2022)*, 2023.
[5] Ministry of Labour, *Annual Labour Force Survey 2017*, 2017.

# ရေရှည်တည်တံ့ခိုင်မြဲရေးအား လုပ်ငန်း၏ မဏ္ဍိုင်အဖြစ်ထည့်သွင်း လုပ်ဆောင်ခြင်း

## မဟာဗျူဟာမြောက် နည်းလမ်းချမှတ်ခြင်း

ရေရှည်တည်တံ့ခိုင်မြဲမှုသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အဓိကစီးပွားရေးလုပ်ငန်းနှင့် ချိတ်ဆက်ထားမည်ဖြစ်သည်။ တောင်သူဦးကြီးများသည် သီးနှံများစိုက်ပျိုးရန် မြေသြဇာကောင်းမွန်၍ စိုက်ပျိုးသီးနှံဖြစ်ထွန်းသော မြေဆီလွှာနှင့် ပတ်ဝန်းကျင်ကို အားကိုးကြရသည်။

ထို့အပြင် စိုက်ပျိုးရေးသုံးထုတ်ကုန်များနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်သူတစ်ဦးအနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုသည် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုမရှိစေရန် နှင့် ကျွန်ုပ်တို့၏ ထုတ်ကုန်များကို ဘေးကင်း၍ တာဝန်သိစွာ အသုံးပြုစေခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစုတွင် တာဝန်ရှိကြောင်း အသိအမှတ်ပြုပါသည်။ ထို့အပြင် အလုပ်ရှင်တစ်ဦးအနေဖြင့် မြန်မာ့သြဘာလုပ်ငန်းစုရှိ ဝန်ထမ်းများအား ကောင်းမွန်သော လုပ်ငန်းခွင်နှင့် ထိုက်တန်သော အလုပ်အကိုင်အခွင့်အရေးများ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုအတွက် အထောက်အကူပြုစေသည့် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အမှုအကျင့်များကို အောက်ပါအတိုင်းဖော်ပြထားပါသည်။


- ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ကြိုတင်မျှော်မှန်း၍ ထိခိုက်မှုလျော့နည်းစေရန် လျှော့ချခြင်း။ မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံစားရဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး အခန်းကဏ္ဍတွင် များစွာ ထိခိုက်မှုရှိနိုင်သည်။
- သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနည်းပါးသော ထုတ်ကုန်အသစ်များကို ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်း။ မြန်မာ့သြဘာလုပ်ငန်းစုသည် အော်ဂဲနစ်ဓာတ်မြေသြဇာ ထုတ်ကုန်အသစ်များ ထုတ်လုပ်ရန်၊ စက်ဝန်းပုံဆောင် စီးပွားရေး ပုံစံနှင့် အော်ဂဲနစ်လယ်ယာစိုက်ပျိုးရေးစနစ်တို့အား အထောက်အကူပြုသည့် ဖြေရှင်းချက်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း အစရှိသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတွင် အဆက်မပြတ် စွမ်းအင်ထောက်ပံ့မှုကို ရရှိအောင် ဆောင်ရွက်ခြင်းမှာ ပိုမိုရှုပ်ထွေးပြီး ငွေကြေးကုန်ကျမှုများသည့်အလျောက် မြန်မာ့သြဘာလုပ်ငန်းစု၏ စွမ်းအင်သုံးစွဲမှုအား လျှော့ချခြင်းဖြင့် ကုန်ကျစရိတ်ကို သက်သာစေနိုင်ပါသည်။
- အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုအား ထိန်းသိမ်းကာကွယ်ခြင်းသည် မြန်မာ့သြဘာလုပ်ငန်းစု၏ အရေးကြီးသော တန်ဖိုးတစ်ခုဖြစ်သည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် အကျပ်အတည်းများစွာဖြင့် ထိခိုက်လွယ်သော ပတ်ဝန်းကျင်တစ်ခုတွင် လည်ပတ်ဆောင်ရွက်နေရသည့်အလျောက် ကျွန်ုပ်တို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုသည် မြန်မာ့သြဘာလုပ်ငန်းစုအား ယုံကြည်စိတ်ချရသော ကော်ပိုရိတ်တစ်ဦးအဖြစ်ပုံဖော်နိုင်ရန်၊ အထူးသဖြင့် နိုင်ငံတကာ ထောက်ပံ့ရန်ပုံငွေများကို ရယူနိုင်ရန် မရှိမဖြစ်လိုအပ်ပါသည်။

## မြန်မာ့သြဘာလုပ်ငန်းစုရှိ ရေရှည်တည်တံ့ခိုင်မြဲရေးအဖွဲ့

၂၀၂၂ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစု၏ အမှုဆောင်အရာရှိချုပ်မှ ပထမဦးဆုံး ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိကို ခန့်အပ်ခဲ့ပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ အမှုဆောင်ကော်မတီအဖွဲ့ဝင်တစ်ဦး ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းယူနစ်များ၏ လုပ်ငန်းဆောင်တာများအားလုံးနှင့် ရေရှည်တည်တံ့ရေးဆိုင်ရာ လုပ်ဆောင်မှုများအတွက် ထိတွေ့ဆက်ဆံရန် တာဝန်ပေးအပ်ခြင်းခံထားရသည်။ ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိသည် မြန်မာ့သြဘာလုပ်ငန်းစုအတွင်း ကျန်းမာရေး၊ ဘေးကင်းရေးနှင့် ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ်မှုများနှင့် ပတ်သက်၍ လုပ်ဆောင်မှုများတွင်လည်း တာဝန်ရှိသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အရာရှိအား ဝန်ထမ်း ၂ ဦး ပါသော အဖွဲ့နှင့်အတူ ဒေသတွင်းဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ ကျွမ်းကျင်မှုနှင့် ပံ့ပိုးမှုများကို ရယူနိုင်ပါသည်။

# အရေးပါသော အချက်များကို အာရုံစူးစိုက်ခြင်း

၂၀၂၁ ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစု၏ အမှုဆောင်အရာရှိချုပ် မှ လုပ်ငန်း၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ဖော်ဆောင် ဆွေးနွေးရာတွင် လုပ်ငန်းတွင်း အကျိုးသက်ဆိုင်သူ ၂၅ ဦးအပြင် လုပ်ငန်းပြင်ပ အကျိုးသက်ဆိုင်သူ ၈ ဦးနှင့် ချိတ်ဆက် ဆောင်ရွက် ခဲ့သည်။
ထိုမှတစ်ဆင့် မြန်မာ့သြဘာလုပ်ငန်းစုအတွက် အကျိုးသက်ရောက် မှု ရှိနိုင်သော အကြောင်းအရာ အချက်အလက်များ ကို အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖော်ထုတ်နိုင်ခဲ့သည်။[6]
မြန်မာ့သြဘာလုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ မဏ္ဍိုင်လေးခုအား ကျောထောက်နောက်ခံဖြစ်နိုင်သည့် အဓိက ဦးစားပေး ၉ ချက်ကို ထုတ်ဖော်နိုင်ခဲ့သည်။




၂၀၂၃ ခုနှစ်အတွက် မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ဆောင်ချက် များကို ရောင်ပြန်ဟပ်သည့် အချက်အလက်များနှင့် ကိန်းဂဏန်း များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

## ၂၀၂၃ အဓိကအချက်အလက်များ

| မဏ္ဍိုင်များ | ဦးစားပေး | အချက်အလက်များ |
|---|---|---|
| ပိုမိုကောင်းမွန်သော စိုက်ပျိုးရေး အလေ့အထများ | ကုန်ပစ္စည်း ကြီးကြပ်မှု | • မြန်မာ့သြဘာလုပ်ငန်းစုမှ ထုတ်ကုန်အမျိုးအစားများသည် ၂၀၂၂ ခုနှစ် မတ်လ မှ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ၉ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ထုတ်ကုန် အမျိုးအစား ပေါင်း ၄၄၆ ခုအား ထုတ်လုပ်နိုင်ခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစုသည် ပြီးခဲ့သောနှစ်တွင် ဓာတ်မြေသြဇာများနှင့် ပေါင်းသတ်ဆေးများ ပါဝင်သော ထုတ်ကုန်အသစ် စုစုပေါင်း ၄၆ ခုအား ထုတ်လုပ်နိုင်ခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစုသည် လေ့ကျင့်ရေးသင်တန်းပေါင်း ၁၅၇၃ ခု (ဘဏ္ဍာနှစ် ၂၀၂၁/၂၀၂၂ ခုနှစ် နှင့် နှိုင်းယှဉ်လျှင် ၆၄ ရာခိုင်နှုန်းတိုးတက်လာသည်) ကို စီစဉ်နိုင်ခဲ့ပြီး တောင်သူလယ်သမား ၇၄၈၅၅ ဦးအား ကျွန်ုပ်တို့၏ ထုတ်ကုန်များကို အကျိုးရှိရှိ နှင့် တာဝန်သိစွာ အသုံးချနိုင်စေရန် လေ့ကျင့်ပေးခဲ့ပြီး ယခုလက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ၂၀ ရာခိုင်နှုန်း လျော့နည်းသွားရသည်။ |
| | သက်ရှိကမ္ဘာ | • မြန်မာ့သြဘာလုပ်ငန်းစုသည် ပြီးခဲ့သောနှစ်က ကာဗွန်ဒိုင်အောက်ဆိုဒ် ၃၂၈၃ တန် ချိန်ကို ထုတ်လွှတ်ခဲ့ပြီး ကျွန်ုပ်တို့၏ လစဉ်ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုသည် ဒီဇယ်သုံးစွဲမှု မြင့်မားလာခြင်းကြောင့် ၂၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစုရှိ စက်ရုံများအား လျှပ်စစ်ဓာတ်အား ထောက်ပံ့ရန်အတွက် မီးစက်များကို အသုံးပြုနေရသောကြောင့် ကျွန်ုပ်တို့၏ scope 1 ထုတ်လွှတ်မှုသည် ၆၉ ရာခိုင်နှုန်းအထိ ရောက်ရှိနေသည်။ |

[6] ကျွန်ုပ်တို့၏အကျိုးသက်ဆိုင်သူများနှင့်တွေ့ဆုံဆက်သွယ်မှုကို သိရှိလိုပါက ဤဝက်ဘ်ဆိုဒ် တွင်ကြည့်ရှုပါ။

| မဏ္ဍိုင်များ | ဦးစားပေး | အချက်အလက်များ |
|---|---|---|
| ပိုမိုကောင်းမွန်သော လုပ်ငန်းခွင် | ကောင်းမွန်သော လုပ်ငန်းခွင် | • မြန်မာ့ဩဘာလုပ်ငန်းစုတွင် ဝန်ထမ်းဦးရေ ၂၆၁၇ ဦးဖြင့် တည်ငြိမ်လျက်ရှိပြီး (ဘဏ္ဍာနှစ် ၂၀၂၁/၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်းတိုးတက်လာသည်) အမျိုးသမီးဝန်ထမ်း ရာခိုင်နှုန်းမှာမူ ဘဏ္ဍာနှစ် ၂၀၂၁/၂၀၂၂ ခုနှစ်ရှိ ၂၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ဘဏ္ဍာနှစ် ၂၀၂၂/၂၀၂၃ ခုနှစ်တွင် ၂၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။<br>• စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရာထူးများ၏ ၂၅ ရာခိုင်နှုန်းမှာ အမျိုးသမီး ဝန်ထမ်းများဖြစ်ကြပြီး ဘဏ္ဍာနှစ် ၂၀၂၁/၂၀၂၂ ခုနှစ်ရှိ ၂၃ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်လာသည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစု၏ ထိခိုက်မှုဖြစ်စဉ် ဖြစ်ပွားမှု ကြိမ်နှုန်းသည် မနှစ်က နာရီ ၂၀၀,၀၀၀ တွင် ၁.၄ ကြိမ်မှ ၂၀၂၂ ခုနှစ်တွင် ၁.၅ ကြိမ်အထိ မြင့်တက်လာခဲ့သည်။<br>• ဘဏ္ဍာနှစ် ၂၀၂၁/၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဘဏ္ဍာနှစ် ၂၀၂၂/၂၀၂၃ ခုနှစ်တွင် လူဦးရေ ၃ ဆကို ပိုမိုလေ့ကျင့်ပေးခဲ့ပါသည်။ |
| ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာ အလေ့အထများ | စီးပွားရေးသမာဓိ | • မြန်မာ့ဩဘာလုပ်ငန်းစုတွင် ကျင့်ဝတ်စည်းမျဉ်းမူဝါဒအား ချိုးဖောက်မှု ၁၇ ကြိမ် အား မှတ်တမ်းတင်ထားသည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစုသည် ကျွန်ုပ်တို့၏ စက်ရုံတစ်ခုအား နေရာပြောင်းရွှေ့ခဲ့ပြီး ၎င်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာ့ဩဘာလုပ်ငန်းစု၏ ဝက်ဘ်ဆိုက်ပေါ်တွင် ပွင့်လင်းမြင်သာစွာ ဖော်ပြထားသည်။ |
| | ကုန်စည်ထောက်ပံ့ရေးဆိုင်ရာ စီမံခန့်ခွဲခြင်း | • မြန်မာ့ဩဘာလုပ်ငန်းစုသို့ ကုန်ကြမ်းပေးသွင်းသူများ၏ ၉၈ ရာခိုင်နှုန်းသည် မြန်မာ့ စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစု အသုံးစရိတ်၏ ၅၃ ရာခိုင်နှုန်းကို မြန်မာ့ပေးသွင်းသူများ အတွက် အသုံးပြုခဲ့သည်။ မြန်မာ့ဩဘာလုပ်ငန်းစုသည် ကုန်စည်ဝယ်ယူရရှိမှု ကိစ္စရပ်များအား သေချာစေရန် ပြည်တွင်းဝယ်ယူမှုကို အသုံးပြုခဲ့သည့် အတွက် ၂၀၂၂ မှ ၂၀၂၃ အတွင်း မြန်မာ့လုပ်ငန်းများမှ ဝယ်ယူမှု ၈ ဆ တိုးတက်ခဲ့သည်။ |
| | ဂေဟစနစ်နှင့် သဟဇာတဖြစ်သော ကုန်ထုတ်လုပ်သူ | • မြန်မာ့ဩဘာလုပ်ငန်းစုသည် ၂၀၂၃ ခုနှစ်တွင် ၁၁,၈၇၉ မီဂါဝပ် သုံးစွဲခဲ့ပြီး ကျွန်ုပ်တို့ စွမ်းအင်သုံးစွဲမှု၏ ၇၂ ရာခိုင်နှုန်းသည် မီးစက်အတွက် ဒီဇယ်အသုံးပြုမှုဖြစ်သည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစု၏ လစဉ်စွမ်းအင်အသုံးပြုမှုသည် ယခင်ကဲ့သို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားကို အားကိုးနိုင်ရန် ခက်ခဲသောကြောင့် ဘဏ္ဍာနှစ် ၂၀၂၁/၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဘဏ္ဍာနှစ် ၂၀၂၂/၂၀၂၃ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်း တိုးလာခဲ့သည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစုသည် ကုန်ကြမ်းတန်ချိန် ၁၂၇,၉၆၉ တန်ချိန်အား အသုံးပြုခဲ့ပြီး ၎င်းတို့အနက် ၉၆ ရာခိုင်နှုန်းသည် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ ဖြစ်ကြသည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစု၏ လစဉ် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ကြားတွင် ၇၅ ရာခိုင်နှုန်း ကျဆင်းသွားသည်။<br>• ထိုစွန့်ပစ်ပစ္စည်းထုတ်လုပ်မှု၏ ၆၆ ရာခိုင်နှုန်းအား ပြန်လည် အသုံးပြုခြင်း (၁၄ ရာခိုင်နှုန်း) နှင့် ဘေးကင်းစွာ ပြန်လည်သိမ်းဆည်းခြင်း (၅၂ ရာခိုင်နှုန်း) အစရှိသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့သည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစုသည် ရေ ၇၆,၈၈၃ ကုဗမီတာကို သုံးစွဲခဲ့ပြီး ၂,၄၈၃ ကုဗမီတာကို စွန့်ပစ်ခဲ့သည်။ |
| | လူ့အခွင့်အရေး | • မြန်မာ့ဩဘာလုပ်ငန်းစုသည် လူ့အခွင့်အရေးကို လေးစားလိုက်နာ၍ ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝယ်ယူသူများနှင့် ပတ်သက်သည့် အန္တရာယ်များကို ပုံမှန်အကဲဖြတ် လုပ်ဆောင်လျက်ရှိသည်။ |
| ပိုမိုကောင်းမွန်အောင် အားလုံးအတူတကွ ဆောင်ရွက်ခြင်း | အကျိုးသက်ဆိုင်သူများနှင့် တွေ့ဆုံဆက်သွယ်ခြင်း | • မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ပွင့်သစ်စ အစီရင်ခံစာတွင် အဆင့် ၉ နေရာရရှိခဲ့ပြီး ပြီးခဲ့သောနှစ်က ထုတ်ဝေခဲ့သော အစီရင်ခံစာတွင် ရရှိခဲ့သော အဆင့် ၂၉ နှင့် နှိုင်းယှဉ်ပါက တိုးတက်လာခဲ့သည်။<br>• မြန်မာ့ဩဘာလုပ်ငန်းစုသည် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ မကျေနပ်ချက် ၂ ခု ကို လက်ခံရရှိခဲ့ပြီး ထိုမကျေနပ်ချက်များအား ဖြေရှင်းပေးနိုင်ခဲ့သည်။ |
| | ကော်ပိုရိတ်ဆိုင်ရာ လှူဒါန်းမှုများ | • မြန်မာ့ဩဘာလုပ်ငန်းစုသည် ပရဟိတအဖွဲ့အစည်းအသီးသီးသို့ ၂၀၂၃ ခုနှစ်တွင် မြန်မာကျပ်ငွေ ၂၉၉ သန်းကို လှူဒါန်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် လှူဒါန်းခဲ့သည့် ကျပ်ငွေ ၄၅ သန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်လာသည်။ |

# ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အထများ

လယ်ယာစိုက်ပျိုးရေးအလေ့အထများ ပိုမိုကောင်းမွန်အောင် မြှင့်တင်ခြင်းသည် လယ်သမားများကို ပံ့ပိုးပေးရုံသာမက ရာသီဥတုဖောက်ပြန်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အရေးပါသည်။ မြန်မာ့သြဘာလုပ်ငန်းစု အနေဖြင့် ကျွန်ုပ်တို့၏ ကာဗွန်ခြေရာကို လျှော့ချရန်နှင့် တောင်သူဦးကြီးများအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုသာ ပေးအပ်ရန်ကတိပြုပါသည်။ ထုတ်ကုန်များသည် အထွက်နှုန်း ကောင်းမွန်စေသည့်အပြင် တောင်သူဦးကြီးများ၏ လူနေမှုဘဝတိုးတက်စေ၍ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး အလေ့အကျင့်များကို ပံ့ပိုးပေးနိုင်သည်။


## မြန်မာ့သြဘာ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအား စီမံခန့်ခွဲခြင်း

မြန်မာ့တောင်သူဦးကြီးများကို ပံ့ပိုးကူညီရန်အတွက် မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန် အမျိုးအစားများကို မတူကွဲပြားစွာ ရှိစေသင့်သည်။ ကျွန်ုပ်တို့သည် တောင်သူဦးကြီးများ၏ သီးနှံများကို ကြီးထွားစေရန်နှင့် ကာကွယ်နိုင်ရုံသာမက ၎င်းတို့၏ ထုတ်လုပ်မှုနှင့် ဝင်ငွေကို အမြင့်ဆုံးရရှိစေရန်အတွက် အကောင်းဆုံး မျိုးစေ့များကို ရွေးချယ်နိုင်ရန် ကွဲပြားခြားနားသော နည်းလမ်းများကို ပံ့ပိုးပေးရမည်။

၂၀၂၃ ခုနှစ် တွင် မြန်မာ့သြဘာလုပ်ငန်းစုတွင် ထုတ်ကုန်နှင့် ဖြေရှင်းချက် အမျိုးအစား စုစုပေါင်း ၄၄၆ ခု ရှိသည်။

- မြေဆီသြဇာကောင်းမွန်စေပြီး အပင်များကြီးထွားမှုကို မြှင့်တင်ပေးနိုင်ရန် တောင်သူဦးကြီးများသည် မြေသြဇာများ (မြန်မာ့သြဘာထုတ်ကုန်များ၏ ၂၁ ရာခိုင်နှုန်း) အပေါ် အားထားနေရသည်။
- တောင်သူဦးကြီးများ၏ သီးနှံများကို အမျိုးမျိုးသော ခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ရန် ၎င်းတို့ကို ပိုးသတ်ဆေး များ (Pesticides) ၊ မှိုသတ်ဆေးများ (fungicides) နှင့် ပေါင်းသတ်ဆေး (herbicides) များဖြင့် (မြန်မာ့သြဘာထုတ်ကုန်များ၏ ၅၆ ရာခိုင်နှုန်း) ပံ့ပိုးပေးထားသည်။
- တောင်သူဦးကြီးများ မတူညီသော အကောင်းဆုံးမျိုးစေ့ များကို ရရှိနိုင်ရန် မြန်မာ့ သြဘာလုပ်ငန်းစု အနေဖြင့် ပြောင်း၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံ စသော မျိုးစေ့ (Seeds) အမျိုးမျိုး (မြန်မာ့သြဘာ ထုတ်ကုန်များ၏ ၁၄ ရာခိုင်နှုန်း) ကို ထောက်ပံ့ ပေးထားသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏
ထုတ်ကုန် အမျိုးအစားများ
၃၁ မတ် ၂၀၂၃





## သုတေသနနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်များတွင် ရင်းနှီးမြှုပ်နှံခြင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် ၂၀၂၀ ခုနှစ် မှစ၍ ထုတ်ကုန်နှင့် ဖြေရှင်းချက်ပေါင်း ၁၀၀ ကျော် ကို ထပ်မံထုတ်လုပ်ပြီး ထုတ်ကုန် အမျိုးအစားများ တိုးတက်လာအောင် စီမံနိုင်ခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ထုတ်ကုန်တိုးတက်လာစေရန် တာဝန် ယူထားသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအပေါ် အားထား နိုင်သည်။ လက်ရှိတွင် ကျွမ်းကျင်ဝန်ထမ်း ၄၀ ဦးမှ ဖော်မြူလာအသစ်များ တီထွင်လျက်ရှိသည်။ မြန်မာ့သြဘာ လုပ်ငန်းစုတွင် ထုတ်ကုန်အသစ်များ စမ်းသပ်ရန်၊ အထွက်နှုန်း နှင့် ထုတ်လုပ်မှု ပိုမိုကောင်းမွန်စေသော နည်းပညာအသစ်များ စမ်းသပ်ရန် သီးခြားမြေနေရာများလည်း ရှိသည်။

ကျွန်ုပ်တို့၏ ထုတ်ကုန်များကြောင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချရန်အတွက် အော်ဂဲနစ် ဓာတ်မြေသြဇာကဲ့သို့သော ထုတ်ကုန်အသစ်များကို တီထွင်ရာတွင်လည်း ရင်းနှီးမြှုပ်နှံထားသည်။ ထို့အတူ ပိုမိုအအချိတ်အဆက်မိသော စိုက်ပျိုးရေးဆိုင်ရာ ရိက္ခာ ကွင်းဆက်ကို မြှင့်တင်ရန်အတွက် ပရောဂျက်များကို ရှာဖွေနေသည်။

အမျိုးအစားတူ
ထုတ်ကုန်နှင့်ဝန်ဆောင်မှု စုစုပေါင်း




## ထုတ်ကုန်များအား တာဝန်သိစွာသုံးစွဲနိုင်သည့်အကျင့် ပျိုးထောင်ပေးခြင်း

စိုက်ပျိုးရေးသုံး ဆေးဝါးနှင့် ဓာတ်မြေဩဇာဆိုင်ရာ အကြီးဆုံး ထုတ်လုပ်သူနှင့်ဖြန့်ချိသူအနေဖြင့်တောင်သူဦးကြီးများအားကျွန်ုပ်တို့၏ ထုတ်ကုန်များ ကို တာဝန်သိစွာ အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြား ပေးရန် လိုအပ်သည်။ ထိုကဲ့သို့ ဖြစ်လာစေရန် ကျွန်ုပ်တို့၏ စိုက်ပျိုးရေးပညာရှင်များ အနေဖြင့် နိုင်ငံတစ်ဝှမ်းရှိ တောင်သူဦးကြီး များနှင့် ထိတွေ့ဆက်ဆံရန် လိုအပ်သည်။
COVID-19 ကပ်ရောဂါနှင့် နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသော ပဋိပက္ခ များကြောင့် ၂၀၂၁ ခုနှစ် မတိုင်မီကဲ့သို့ တောင်သူဦးကြီးများနှင့် ထိတွေ့ ဆက်ဆံနိုင်မှုအပေါ် သက်ရောက်မှုရှိသည်။

၂၀၂၃ ခုနှစ်တွင် တောင်သူဦးကြီးပေါင်း ၇၄,၈၅၅ ဦးကို လေ့ကျင့်မှု ၁,၅၇၃ ကြိမ်ပြုလုပ်ခဲ့ပြီး သင်တန်းတစ်ခုလျှင် ပျမ်းမျှ ၄၈ ဦးနှုန်းဖြင့် လေ့ကျင့်ပေးခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ပြုလုပ်ပေးနိုင်ခဲ့သည့် သင်တန်း တစ်ခုလျှင် ပျမ်းမျှအရေအတွက် ၉၇ ဦး နှင့်နှိုင်းယှဉ်လျှင် လျော့နည်း သွားသည်။

တောင်သူဦးကြီးများနှင့်ဘေးကင်းစွာထိတွေ့ဆက်ဆံနိုင်ရန်ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံ နည်းလမ်းကို ပြောင်းလဲသွားမည်။ ကျွန်ုပ်တို့၏ထုတ်ကုန် များကို ဘေးကင်းလုံခြုံပြီး တာဝန်သိစွာ အသုံးပြုနိုင်ရန် လိုအပ်သော အသိပညာများကို လုပ်ဆောင် ပေးမည်။


လယ်သမားများကို ပို့ချခဲ့သည့် သင်တန်းများ၏ တိုးတက်ပြောင်းလဲလာမှု




## အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း

ကျွန်ုပ်တို့၏ ထုတ်ကုန်နှင့် ဖြေရှင်းချက်များသည် မတူညီသော အာဏာပိုင်များ၏ ချမှတ်ထားသည့် လိုအပ်ချက်များကို ပြည့်မီရမည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ စိုက်ပျိုးရေးသုံးဆေးဝါးများသည် FDA ၏လိုအပ်ချက်များ နှင့် ကိုက်ညီစေရန် ပြုလုပ်ရမည်။
ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများရဲ့ အရည်အသွေး မကျစေရန် ဖြန့်ဖြူး သူများနှင့် သုံးစွဲသူများဖြစ်သည့် တောင်သူဦးကြီးများ ၏တိုင်ကြားချက် များကို ဂရုတစိုက် စောင့်ကြည့်ပြီး မှတ်တမ်းတင်ထားသည်။ ယခင်နှစ် က ဖြန့်ဖြူးသူများထံမှ တိုင်ကြားချက် ၁၁၄ ခုကို မှတ်တမ်းတင်ထားပြီး ထိုတိုင်ကြားချက်များ အနက် ၃၇ ရာခိုင်နှုန်း သည် ထောက်ပံ့ပို့ဆောင် ရေးနှင့်သက်ဆိုင်သော ပြဿနာများဖြစ်သည်။ အခြားသော ရာခိုင်နှုန်း များ သည် ထုတ်ပိုးမှုအရည်အသွေးနှင့်ပတ်သက်သော တိုင်ကြားချက် များ ဖြစ်သည်။

အရောင်းအဝယ်ပေါင်း ၁၀၀၀ တွင် ရရှိခဲ့သည့် တိုင်ကြားချက်အရေအတွက် စုစုပေါင်း




ကျွန်ုပ်တို့အနေဖြင့် ဖြန့်ဖြူးသူများ၏ အရောင်းအဝယ်ပေါင်း ၁,၀၀၀ တွင် တိုင်ကြားချက် ၀.၃၆ နှုန်းကိုသာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း လေ့လာဆန်းစစ်ချက်များအရတွေ့ရှိရသည်။ ထိုပမာဏသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်း လျော့နည်းသွားသည်။ အဆိုပါ တိုးတက်လာမှုသည် မြန်မာ့ဩဘာလုပ်ငန်းစု၏ လုပ်ငန်းစဉ်များအား မြှင့်တင်ရာတွင် ဖြန့်ဖြူးသူများ၏ ဆန္ဒထုတ်ဖော်မှုများကို အမြဲတစေ နားထောင်နေသော ကြိုးပမ်းမှု၏ရလဒ်ဖြစ်သည်။

# ပြန်လည်ရှင်သန်စိုက်ပျိုးရေးနည်းစနစ်သစ် ဖော်ဆောင်ခြင်း

စိုက်ပျိုးရေးဆိုင်ရာ အစာကွင်းဆက်တစ်ခုလုံးသည် အလင်းဖြင့်အစာချက်လုပ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ အာဟာရစက်ဝန်း စသော ဂေဟစနစ်များ၏ လုပ်ဆောင်ချက်အပေါ်တွင် မူတည်နေသည်။ အဆိုပါဂေဟလုပ်ဆောင်ချက်များသည် တောင်သူဦးကြီး များအတွက် အလွန်အရေးပါလှသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးပုံစံသစ်ကို ဖော်ဆောင်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အတွင်းဖြစ်ပေါ်ခဲ့သော ရာသီဥတုဖောက်ပြန်မှု၏ နောက်ဆက်တွဲကြောင့် ပြင်းထန်စွာခံစားရသည့် နိုင်ငံများအနက်တစ်နိုင်ငံဖြစ်သည့်အတွက် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် ပထမဦးဆုံးလုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာ့ဩဘာလုပ်ငန်းစုသည် မြန်မာ့တောင်သူဦးကြီးများကို ပံ့ပိုးနိုင်ရန် အလေးထားအားထုတ်နေသည့် ကုမ္ပဏီ ဖြစ်သည်နှင့်အညီ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ချဉ်းကပ်မှုအား ဗျူဟာမြောက်လုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းမှ ထွက်ပေါ်လာသော ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန်သာမက ကာဗွန်အနည်းဆုံးဖြစ်စေသည့် ထုတ်ကုန် နှင့် ဖြေရှင်းချက်များကို စီးပွားဖြစ်ထုတ်လုပ်ရန် လည်း ရည်ရွယ်ထားပါသည်။ သာဓကအားဖြင့် ကုန်စည်ထောက်ပံ့ရေး ဆိုင်ရာ ကွင်းဆက်တစ်လျှောက်တွင် အော်ဂဲနစ် ဓာတ်မြေဩဇာ နှင့် ဇီဝလောင်စာကဲ့သို့ ပစ္စည်းများအသုံးပြုပြီး ကာဗွန် ထုတ်လွှတ်မှု လျှော့ချရန် ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုပမာဏတန်ပေါင်း ၃,၂၈၃ တန်ကို လေထုထဲ ထုတ်လွှတ်ခဲ့ပြီး အဆိုပါပမာဏသည် ဒီဇယ်သုံးစွဲမှု မြင့်တက်လာခြင်းကြောင့် တစ်လလျှင် ၂၁ ရာခိုင်နှုန်း နှုန်းတိုးလာသည်။ ကျွန်ုပ်တို့၏ စက်ရုံများတွင် လျှပ်စစ်ဓာတ်အားရရှိရန် မီးစက်များကို အသုံးပြုရသည့်အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု၏ ၆၉ ရာခိုင်နှုန်း သည် Scope 1 ထုတ်လွှတ်မှုနှင့် သက်ဆိုင်သည်။ ကျွန်ုပ်တို့၏ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန် အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေသည်။


# ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်


**ကျွန်ုပ်တို့၏အတွေးအမြင်ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို ဖြန့်ဖြူးသူများနှင့် တောင်သူဦးကြီးများထံ ပံ့ပိုးပေးနိုင်ရန်မှာ ၂,၆၀၀ သောဝန်ထမ်းများအပေါ် မူတည်နေပါသည်။ ကျွန်ုပ်တို့ဝန်ထမ်းများအတွက် လုံခြုံပြီး လူတိုင်းပါဝင်နိုင်သောလုပ်ငန်းခွင်တစ်ခု ဖြစ်လာစေရန် မြန်မာ့သြဘာလုပ်ငန်းစုမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းများအတွက် သင်တန်းများလေ့ကျင့်သင်ကြားနိုင်စေရန် ရင်နှီးမြှုပ်နှံနေပြီး ၎င်းတို့၏လစာငွေပေးအပ်မှုနှင့် အကျိုးခံစားခွင့်များမှာမျှတပြီး ချီးမြှောက်မှုဖြစ်စေရန် လုပ်ဆောင်လျက်ရှိပါသည်။**

## အလုပ်ရှင်ကောင်း ပီသခြင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် ယဉ်ကျေးမှုပေါင်းစုံနေသောကုမ္ပဏီတစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ဝန်ထမ်းများ၏ မတူညီသော နောက်ခံများနှင့် ကျွမ်းကျင်မှုများမှ အကျိုးကျေးဇူးများရရှိနေပါသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်းသည် ကွဲပြားမှုများကိုလက်ခံပြီး ကျား၊မ တန်းတူညီမျှရေးကို ထောက်ပံ့ပေးနေသကဲ့သို့ လူတိုင်းပါဝင်နိုင်သောလုပ်ငန်းခွင်တစ်ခု ဖြစ်လာစေရေးဟူသည့် ကတိကဝတ်ကို ထိန်းကျောင်းပေးနေပါသည်။

Myanmar Business Coalition for Gender Equality(BCGE) အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ကျွန်ုပ်တို့လုပ်ငန်းခွင်တွင် လူတိုင်းပါဝင်နိုင်စေရန် မူဝါဒများနှင့်ကောင်းမွန်သောရလဒ်များကို မြှင့်တင်ပေးရန် မျှော်လင့်ထားသည်။ ၂၀၂၃ ခုနှစ်တွင် လုပ်ကိုင်နေသောဝန်ထမ်းအင်အား ၂,၆၁၇ အနက် ၂၄ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါကိန်းဂဏန်းသည် ၂၀၂၀ ခုနှစ်မှစ၍တည်ငြိမ်နေပြီး ကျွန်ုပ်တို့၏ လုပ်သားအင်အား တိုးတက်ပြောင်းလဲလာသည့် အခြေအနေကို ဖော်ပြနေသည်။ ၂၀၂၃ ခုနှစ်တွင် ပျက်ကွက်သူအရေအတွက်သည် ၂ ရာခိုင်နှုန်းသာရှိခဲ့ပြီး အလုပ်မှနုတ်ထွက်နှုန်းမှာ ယခင်နှစ်တွင် ၁၈ ရာခိုင်နှုန်း ရှိခဲ့သည်။ အသစ်ခန့်အပ်ထားသည့်ဝန်ထမ်းသစ် ၄၄၁ ဦးအနက် ၂၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ ဝန်ထမ်း ၉၁ ဦးကို ရာထူးတိုးပေးခဲ့ပြီး ၂၉ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ စီမံခန့်ခွဲမှုရာထူးဖြစ်သည့် မန်နေဂျာနေရာတွင်တာဝန်ထမ်းဆောင်နေသည့်အနက် ၂၅ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။






"၂၀၁၇ ခုနှစ်မှာ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ R&D ဌာနတွင်စတင်လုပ်ကိုင်ခဲ့ပြီး ဆည်မြောင်းနဲ့ ပတ်သက်တဲ့ နည်းပညာများအဆင့်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပါတယ်။ ပြီးတော့ Pahtama Seeds ကိုပြောင်းရွှေ့ခဲ့ပြီး ရာထူးတိုးမြှင့်ခြင်းခံရတယ်။ အခုဆိုရင် တောင်သူဦးကြီးတွေနဲ့ နေ့စဉ်တိုက်ရိုက်လုပ်ကိုင်နေရပြီး ကွင်းဆင်းကြီးကြပ်ရေးမှူးတွေနဲ့ ဆက်သွယ်ရာတွင် တာဝန်ယူလုပ်ကိုင်နေပါတယ်။ တောင်သူဦးကြီးတွေ အရည်အသွေး ပြည့်မီတဲ့ မျိုးစေ့များ ရရှိအောင်နှင့် ကျွမ်းကျင်မှုများမျှဝေပေးနိုင်အောင် ပံ့ပိုးကူညီရသည့်အတွက် ဝမ်းမြောက်မိပါတယ်။ တောင်သူဦးကြီးတွေအနေနဲ့ မြန်မာ့သြဘာလုပ်ငန်းစုရဲ့ထုတ်ကုန်များနှင့် ဗဟုသုတများမှ အကျိုးကျေးဇူးများ ရရှိနေသည်ကိုတွေ့ရှိရတဲ့အတွက် မကွေးတိုင်းဒေသကြီးအတွင်း ကျွန်မတို့ရဲ့ လုပ်ဆောင်ချက်တွေက အလွန် အဓိပ္ပါယ်ရှိတယ်လို့ ခံစားရပါတယ်။"


**မကေခိုင် နယ်မြေကွင်းဆင်းကြီးကြပ်ရေးမှူး**

# ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ချက်များ မြှင့်တင်ခြင်း


ကျွန်ုပ်တို့၏ ဝန်ထမ်းများအားလုံးအတွက် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အခြေအနေဖြစ်လာစေရေးမှာ မရှိမဖြစ်အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်သည်။ ထုတ်ကုန်ထုတ်လုပ်ရေးအပိုင်းတွင်လုပ်ကိုင်နေသည်ဖြစ်စေ၊ ရောင်းချရေးအပိုင်းတွင်လုပ်ကိုင်နေသည်ဖြစ်စေ နေအိမ်သို့ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိစေလိုသည်။ ကျွန်ုပ်တို့၏ကြိုးပမ်းမှုများကို ၂၀၁၆ ခုနှစ်တွင် အန္တရာယ်များသည့်နေရာများဖြစ်သည့် ကုန်ထုတ်လုပ်ငန်းနေရာများတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါနေရာများတွင် စိုက်ပျိုးရေးသုံးဆေးဝါးများနှင့် ထိတွေ့မှု၊ စက်ပစ္စည်းများ နှင့် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်ရမှုမှ ထိခိုက်နိုင်ချေရှိခြင်းများ ကြုံတွေ့နိုင်ရခြင်းကြောင့် လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မန်နေဂျာတစ်ဦးကိုခန့်ထားခဲ့သည်။ ယခုအခါ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့တွင် ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိမှ ဦးဆောင်နေပြီး အဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါအဖွဲ့သည် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသင်တန်းပို့ချခြင်းများ၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်နေသည်။

၂၀၂၃ ခုနှစ်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အနေဖြင့် အခြားသောအဖွဲ့အစည်းများနှင့် ထိတွေ့ ဆက်ဆံပြီး မြန်မာ့သြဘာလုပ်ငန်းစုအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစံနှုန်းများကို လိုက်နာစေရန် ပြုလုပ်ခဲ့သည်။ အကျိုးရလဒ် အနေဖြင့် ဘဏ္ဍာရေးနှစ် ၂၁/၂၂ နှင့် ၂၂/၂၃ ကိုနှိုင်းယှဉ်ရင် မတော်တဆမှု ၄၀ မှု ကို မှတ်သားထားခဲ့သည်။ ထိုတိုးတက်ပြောင်းလဲလာမှုသည် အချက်နှစ်ချက်အပေါ်အခြေခံထားသည်။ ပထမအချက်ကတော့ ၂၀၂၂ခုနှစ်တွင်ရရှိခဲ့သည့် ဝန်ထမ်း အင်အား၏ ၃၅ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် ဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းကိုဖော်ပြနေသည်။ ဒုတိယအချက်မှာ ကျွန်ုပ်တို့ဝန်ထမ်းများသည် အဆိုပါကိစ္စရပ်များကို သတိပြုလာကြပြီး ထိခိုက်မှုဖြစ်စဉ်နှင့် မတော်တဆထိခိုက်မှုများကို ပိုမို အကြောင်းကြားလာကြောင်း ဖော်ပြနေသည်။ ထို့ကြောင့် ထိခိုက်နှုန်းသည် ၂၀၂၂ခုနှစ်တွင် အလုပ်သည့်နာရီပေါင်း ၂၀၀,၀၀၀ တွင် ၁.၅ကြိမ်နှုန်းရှိနေရာမှ ၂၀၂၃ခုနှစ်တွင် ၁.၄ကြိမ်နှုန်းသို့ ကျဆင်းသွားသည်။ စုစုပေါင်း သင်တန်းပို့ချခဲ့သည့်အရေအတွက်တွင် ၂၃ရာခိုင်နှုန်းသည် ဝန်ထမ်းများအား ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သည့်အကြောင်းအရာများ ပို့ချပေးခဲ့သည်။ ထို့အပြင် ကုန်ထုတ်လုပ်ငန်းစဉ်များတွင်လုပ်ကိုင်နေသည့် ဝန်ထမ်းများကို လုပ်ငန်းခွင်စတင်ဝင်ရောက်ချိန်တွင် ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကိုမဖြစ်မနေ သင်တန်းပို့ချပေးခဲ့သည်။ နောက်ဆုံးအနေဖြင့် ၂၀၂၃ခုနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၃၀ ရာခိုင်နှုန်းကို ဝန်ထမ်းများအသုံးပြုနေသည့်စက်ပစ္စည်းများအား ပိုမိုဘေးအန္တရာယ် ကင်းရှင်းရေးသည့် စက်ပစ္စည်းအသစ်များ ဝယ်ယူရာတွင် အသုံးပြုခဲ့သည့်အတွက် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု ရရှိခဲ့သည်။

ကျန်းမာရေးနှင့်လုံခြုံရေး လုပ်ဆောင်ချက်များ တိုးတက်ပြောင်းလဲလာမှု




ဘဏ္ဍာရေးနှစ် ၂၂/ ၂၃တွင် သင်တန်းပို့ချခဲ့သည့်အရေအတွက်




## ဝန်ထမ်းများ၏ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်း

ကောင်းမွန်သောရလဒ်များလုပ်ဆောင်ပေးနိုင်ရန် ကျွန်ုပ်တို့၏ဝန်ထမ်းများအပေါ်မူတည်နေသည်။ ၂၀၂၃ခုနှစ်တွင် မြန်မာ့သြဘာလုပ်ငန်းစု၏ သင်တန်းပို့ချသည့်အသုံးစရိတ်သည် ၂၀၂၂ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၄.၅ ဆ တိုးလာသည်။ ရလဒ်အနေဖြင့် ဘဏ္ဍာရေးနှစ် ၂၁/၂၂ တွင် ဝန်ထမ်းအင်အား ၂,၂၂၅ ဦးကို သင်တန်းပို့ချနိုင်ခဲ့သည့် အရေအတွက်နှင့်နှိုင်းယှဉ်ပါက ၂၀၂၃တွင် ဝန်ထမ်းအင်အား ၆,၆၇၆ ဦးကိုပို့ချနိုင်ခဲ့သည်။ အဓိကသင်ကြားပေးခဲ့သည့်အကြောင်းအရာများမှာ နည်းပညာကျွမ်းကျင်မှု၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာများ၊ ဝန်ထမ်းရေးရာ ဆိုင်ရာများဖြစ်သည်။

## ဝန်ထမ်းများနှင့်အတူ ရပ်တည်ခြင်း

လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခသည် ကျွန်ုပ်တို့၏ဝန်ထမ်းများအပေါ် သက်ရောက်မှုများစွာရှိသည်။ တာဝန်သိ လုပ်ငန်းရှင် တစ်ဦးအနေဖြင့် ဝန်ထမ်းများ၏ အလုပ်အကိုင်တည်တံ့ရေးအပေါ် အကာအကွယ်ပေးရန် အမြဲ အာရုံစိုက်နေပြီး အကျပ်အတည်း ကာလအတွင်း ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကြောင့် မြန်မာ့သြဘာလုပ်ငန်းစု၏ မည့်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်ကိုမှ အလုပ်ရပ်စဲခဲ့ခြင်းမရှိပါ။

မြန်မာ့သြဘာလုပ်ငန်းစု၏သတ်မှတ်ထားသည့် ရည်မှန်းချက်၊ ဦးစားပေးမှုများနှင့်ကိုက်ညီသည့်ပန်းတိုင်ကို အကောင် အထည် ဖော်နိုင်ရန် ဝန်ထမ်းများအားလုံးအတွက် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ချီးမြှင့်သည့်စနစ်ကို အကောင် အထည်ဖော်ရန် ဆုံးဖြတ်ခဲ့သည်။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အား သုံးသပ်ခြင်း၊ ဆွေးနွေးအကဲဖြတ်ခြင်းနှင့် အကြံပြုချက်များပါဝင်သည့် တိုက်ရိုက်အစီရင်ခံအား ဆွေးနွေးပြီးနောက် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်မှီသူများသည် မြန်မာ့သြဘာလုပ်ငန်းစုမှ သတ်မှတ်ထားသည့် အကျိုးခံစားခွင့်ကို ရရှိနိုင်သည်။

လက်ရှိဖြစ်ပေါ်နေသော အခြေအနေသည် ဝန်ထမ်းများအတွက် ခက်ခဲနိုင်သည်။ ငွေကြေးဖောင်းပွမှုနှုန်းကြောင့် ဝန်ထမ်းများ၏ ဝယ်ယူနိုင်စွမ်းအားကို ပြင်းထန်စွာထိခိုက်နိုင်သလို ပဋိပက္ခနှင့်ကြုံတွေ့ရပြီး လုံခြုံရေးကို ခြိမ်းခြောက်နိုင်သောအန္တရာယ်ကြောင့် နေအိမ်ကိုစွန့်ခွာနိုင်ရသည့် အခြေအနေမျိုးလည်းရှိနိုင်သည်။ အဆိုပါကိစ္စနှစ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု အဖွဲ့မှ ဆောင်ရွက်ပေးနေသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းစီမံခန့်ခွဲမှုအဖွဲ့သည် ဝန်ထမ်းများအားအကူအညီပေးရန် နည်းလမ်းနှစ်သွယ်ဖြင့် လုပ်ဆောင်နေသည်။ ပထမနည်းလမ်းအနေဖြင့် လစဉ်လစာငွေ မြန်မာကျပ်ငွေ ၂၅၀,၀၀၀/- ကျပ်အောက်ရရှိနေသော ဝန်ထမ်းများ အား ငွေကြေးဖောင်းပွမှု၏အကျိုးဆက် သက်သာစေရန် ရှားပါးစရိတ်ထောက်ပံ့ငွေ ကျပ် ၅၀,၀၀၀/- ထောက်ပံ့ပေးခဲ့သည်။ ဒုတိယနည်းလမ်းမှာ ပဋိပက္ခနှင့်ကြုံတွေ့နေရသည့်နေရာများတွင် နေထိုင်နေသောဝန်ထမ်းများအား လုံခြုံရေးအခြေအနေ စိတ်ချရစေရန် အခြားနေရာများသို့ ပြောင်းရွှေ့နိုင်ရန် အကူအညီပေးခဲ့ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကယားပြည်နယ်ရှိဝန်ထမ်း (၁၀) ဦးအား ရှမ်းပြည်နယ်သို့ရွှေ့ပြောင်းပေးခဲ့သည်။ ထို့အတူ မြန်မာ့သြဘာလုပ်ငန်းစုတွင် အရေးပေါ်ငွေကြေးထားရှိပြီး ပဋိပက္ခကြောင့်အိမ်ရာများ ဆုံးရှုံးခဲ့သည့်ဝန်ထမ်းများအား ထောက်ပံ့ပေးခဲ့သည်။ ဝန်ထမ်းတစ်ဦးလျှင် မြန်မာငွေကျပ် သိန်း(၅၀) ဖြင့် စုစုပေါင်း (၄၄) ဦးအား ထောက်ပံ့ပေးနိုင်ခဲ့သည်။

## အပြန်အလှန်ဆွေးနွေးမှုကို ဖော်ဆောင်ခြင်း

ကျွန်ုပ်တို့သည် မြန်မာ့သြဘာလုပ်ငန်းစု၏ မတူညီသောလုပ်ငန်းခွဲများအားလုံးနှင့် အကျုံးဝင်သည့် လုပ်ငန်းညှိနှိုင်းရေးကော်မတီ တစ်ခု ဖွဲ့စည်းထားပြီး လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးနေသည်။ ထို့အပြင် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းထားသည်။ ၂၀၂၃ တွင် ကျွန်ုပ်တို့၏ဝန်ထမ်းများအား ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်ရရှိစေရန် ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ချက် ၃၆ ချက် ချမှတ်ခဲ့သည်။

### အတုယူထိုက်သော ဝန်ထမ်း၏ကြံ့ခိုင်မှုစွမ်းရည်



လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းများသည် ကျွန်ုပ်တို့၏ဝန်ထမ်းတစ်ချို့အပေါ် သက်ရောက်မှုများစွာရှိနေသည်။ MAHA Agriculture Microfinance ၏ရုံးခွဲမန်နေဂျာများအနက်မှ တစ်ဦးသည် သူမ၏ရွာတွင် ဆက်လက်နေထိုင်ရန် မလုံခြုံတော့သဖြင့် ရွာမှ အလျင်အမြန် ထွက်ခွာခဲ့ရသည်။ မိသားစုဝင် ၁၁ ဦးနှင့်အတူ တောထဲသို့ ကိုးရက်ဆက်တိုက် သွားရောက် နေထိုင်ခဲ့ရပြီး အစားအသောက်အလုံအလောက် မရရှိခြင်း၊ နေရာထိုင်ခင်း သပ်ရပ်မှုမရှိခြင်း စသည်များ ကြုံတွေ့ခဲ့ရသည်။

ထိုဝန်ထမ်းပြန်ရောက်လာသည့်အခါ သူမ၏သန်မာမှု၊ စိတ်ဓာတ်ပြတ်သားမှုကို မြင်တွေ့ခဲ့ရသည်။ အခက်အခဲကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းခွင်သို့ အလျင်အမြန် ပြန်ရောက်လာလိုသည့် ဆန္ဒကြောင့် အံ့သြမှင်သက်ခဲ့ရသည်။ MAHA Agriculture Microfinance ၏ စီမံခန့်ခွဲမှုအဖွဲ့မှ ထိုဝန်ထမ်းနှင့် တွေ့ဆုံပြီး သူမနှင့် သူမ၏မိသားစုအား ထောက်ပံ့ပေးခဲ့သည်။

စိတ်အားထက်သန်မှု ပြင်းပြသည့်ဝန်ထမ်းများသည် မြန်မာ့သြဘာလုပ်ငန်းစုအတွက် ဂုဏ်ယူစရာဖြစ်သည်။ ထို့အပြင် အောင်မြင်မှုအတွက် အကြောင်းရင်းဖြစ်စေသည့် အကောင်းဆုံးသော အထောက်အပံ့များဖြစ်သည်။

# ပိုမိုကောင်းမွန်သော စီးပွားရေးဆိုင်ရာ အလေ့အထများ

မြန်မာ့ဩဘာလုပ်ငန်းစု၏အောင်မြင်တိုးတက်မှုသည် သဘာဝတရားနှင့် လူမှုဂေဟစနစ်ပေါ်တွင် မူတည်နေသည်။ ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အတတ်နိုင်ဆုံး လျှော့ချပြီး မြန်မာ့စီးပွားရေးနှင့် လူထုအပေါ် အကျိုးရှိနိုင်မည့် လူမှုစီးပွားဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးမြှင့်ရမည်။ ကျွန်ုပ်တို့သည် တာဝန်ယူမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသော ကုမ္ပဏီဖြစ်ရမည်။

## သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချခြင်း

ကျွန်ုပ်တို့၏ထုတ်ကုန်များထုတ်လုပ်ရန်အတွက် ကုန်ကြမ်းများ၊ စွမ်းအင်နှင့် ရေတို့ကို မှီခိုပါသည်။ ကုန်ထုတ်လုပ်ငန်းလည်ပတ်မှုများ ကြောင့် ပတ်ဝန်းကျင်(သို့မဟုတ်) လူထုအား မထိခိုက်စေရန် ရှင်းလင်းသည့် မူဝါဒများ နှင့် လုပ်ငန်းစဉ်များကို ချမှတ်ထားသည်။ ကျွန်ုပ်တို့၏ကုန်ထုတ်လုပ်ရာနေရာများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် အဖြစ် ISO 14001:2015 ၏သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်နေသည်။


ထို့အပြင် ကျွန်ုပ်တို့၏ကုန်ထုတ်လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိပြီး၊ အထူးသဖြင့် ရေထုအပေါ် အကျိုးသက်ရောက်မှုကို အနိမ့်ဆုံးထိလျှော့ချနိုင်ရန် အဆင့်မြင့်ရေဆိုးသန့်စင်စက်ရုံကို တည်ဆောက် ရင်းနှီးမြှုပ်နှံခဲ့သည်။ ထို့အပြင် ထုတ်ကုန်အတွက် အန္တရာယ်ရှိသောကုန်ကြမ်းများအားလုံးကို ဂရုတစိုက်သိုလှောင်ထားသည်။ မတော်တဆအဖြစ်အပျက်များကို ကိုင်တွယ်နိုင်ရန် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်း ၂၀၀ ကျော်ကို ရေးမှတ်ထားပြီး ဘေးကင်းလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို ရေးသားထားသည့် စာရွက်များကို မျှဝေထားသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်မှုနှင့်အညီ လေ၊ရေ၊မြေ မထိခိုက်ရအောင် ကျွန်ုပ်တို့၏ လေထုထုတ်လွှတ်မှုကို ဂရုတစိုက်စောင့်ကြည့်နေသည်။

### ကုန်ကြမ်းသုံးစွဲမှု

၂၀၂၃ ခုနှစ် တွင် ကုန်ကြမ်းအရေအတွက် ၁၂၇,၉၆၉ တန်ကို သုံးစွဲခဲ့သည်။ ၉၆ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိသော (hazardous) ကုန်ကြမ်းများဖြစ်ပြီး ပြည်ပမှတင်သွင်းခဲ့ခြင်းဖြစ်သည်။

ကုန်ကြမ်းတင်သွင်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရချိန်တွင် တောင်သူဦးကြီးများထံ ကုန်ပစ္စည်းပို့ဆောင်နိုင်မှု မပြတ်လတ်စေရန်အတွက် ၂၀၂၁ ခုနှစ်မှစ၍ ကုန်ကြမ်းသိုလှောင်မှု ကိုတိုးမြှင့်ခဲ့သည်။ ထို့သို့ သိုလှောင်သုံးစွဲမှုကြောင့် ၂၀၂၂ ခုနှစ်တွင် ရုရှားနှင့်ယူကရိန်းပဋိပက္ခကြောင့် ဖြစ်ပေါ်ခဲ့သော အကျိုးဆက်သည် ထုတ်ကုန်များ၏ ဈေးနှုန်းအပြောင်းအလဲအပေါ် အနည်းငယ်သာ သက်ရောက်ခဲ့ သည်။ ကုန်ကြမ်းအများစုကို သယ်ယူပို့ဆောင်ရေး ကိုယ်စားလှယ် များမှ ရေကြောင်းမှတဆင့် ပို့ဆောင်ပေးခြင်းဖြစ်သည်။

ကုန်ကြမ်းသုံးစွဲမှု
တိုးတက်ပြောင်းလဲလာခြင်း(တန်)




## လေထုအရည်အသွေး စောင့်ကြည့်ခြင်း

လေထုထုတ်လွှတ်မှုကို စောင့်ကြည့်နိုင်ရန် ကျွန်ုပ်တို့၏ ကုန်ထုတ်လုပ်ငန်းနေရာများမှ ထုတ်လွှတ်လိုက်သည့် စွန့်ပစ်လေထု ဖွဲ့စည်းမှုကို တိုင်းတာမှုကိရိယာများဖြင့် ပုံမှန်တိုင်းတာနေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပေးပို့သည့် အချက်အလက် များဖြင့်လည်း နှိုင်းယှဉ်ပြီး လေ့လာနေသည်။ လွတ်လပ်သည့် တတိယမြောက်အဖွဲ့အစည်းမှ ကျွန်ုပ်တို့၏ စောင့်ကြည့်ရေး အစီအစဉ်၏ လုပ်နိုင်စွမ်း ကို ပုံမှန်လာရောက်စစ်ဆေးသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သတင်းပို့နေသည်။ ၂၀၂၃ ခုနှစ်တွင် လေထုအရည်အသွေးနှင့်ပတ်သက်သည့် မည်သည့်ကွဲလွဲချက်မှ မဖြစ်ပေါ်ခဲ့ပါ။

## စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု


၂၀၂၁ ခုနှစ်တွင် ၁၆,၀၅၅ တန်သုံးစွဲခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၄,၀၄၀ တန်သုံးစွဲခဲ့သည့်အတွက် သိသာထင်ရှားသည့် ပမာဏသို့ လျှော့ချနိုင်ခဲ့သည်။

ကျွန်ုပ်တို့၏ ရေဆိုးသန့်စင်သည့် စက်ရုံဖြင့်

- အန္တရာယ်မရှိသော အရည်စွန့်ပစ်ပစ္စည်း (non-hazardous liquid waste) ပမာဏကို လျှော့ချနိုင်ခဲ့သည်။
- ကုန်ထုတ် လုပ်ငန်းစဉ် မှထွက်ရှိသော အန္တရာယ်ရှိသော အရည်စွန့်ပစ်ပစ္စည်း (hazardous liquid waste) များကို ၁၀၀ ရာခိုင်နှုန်း သန့်စင်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် စွန့်ပစ်ပစ္စည်းများမှ ၁၄ ရာခိုင်နှုန်းကို ထုတ်ပိုးမှုတွင် ပြန်လည်အသုံးပြုခဲ့သည်။ ၅၂ ရာခိုင်နှုန်းကို ပြန်လည်သန့်စင်ခြင်းဖြင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို လျှော့ချနိုင်ခဲ့သည်။ ကျန် ၃၄ ရာခိုင်နှုန်းကို ဖို့မြေအမှိုက်ပုံများသို့ ပို့ဆောင်ခဲ့သည်။

စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု တိုးတက်ပြောင်းလဲလာခြင်း (တန်)





## စွမ်းအင်သုံးစွဲမှု

၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်၏ စွမ်းအင်သုံးစွဲမှုကို နှိုင်းယှဉ်ပါက တူညီမှုရှိသည်ကို တွေ့ရသည်။ ကုန်ထုတ်လုပ်ငန်းများတွင် စွမ်းအင် အများစုကို သုံးစွဲခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၁၂ ဂီဂါဝပ် နီးပါးသုံးစွဲခဲ့သည်။

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လျှပ်စစ်ထုတ်လုပ်မှုကို ယခင်က ကဲ့သို့ မမှီခိုနိုင်တော့သဖြင့် ကုန်စည်ထုတ်လုပ်ရေးတွင် ကိုယ်ပိုင် စွမ်းအားမြင့် မီးစက်များကို အသုံးပြုရသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ဒီဇယ်သုံးစွဲမှု ၅၃ ရာခိုင်နှုန်းမှ ၂၀၂၃ ခုနှစ်တွင် ၇၂ ရာခိုင်နှုန်း တိုးလာခြင်းကြောင့် စွမ်းအင်သုံးစွဲမှုတွင် သိသိသာသာ ပြောင်းလဲခဲ့သည်။

ကျွန်ုပ်တို့၏ စွမ်းအင်ထိရောက်မှုကို ပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင် သည့်နည်းလမ်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ထုတ်လုပ်နိုင် ရန် အခြားနည်းလမ်းများကို စဉ်းစားနေသည်။

စွမ်းအင်သုံးစွဲမှု တိုးတက်ပြောင်းလဲခြင်း (ကီလိုဝပ်)




## ကာဗွန်သုံးစွဲမှု ဆန်းစစ်ခြင်း

၂၀၂၃ ခုနှစ်တွင် ၃,၂၈၃ တန်နှင့်ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏ ထုတ်လွှတ်ခဲ့သည်။ Scope 1 ထုတ်လွှတ်မှုနှင့် သက်ဆိုင်သော ၆၉ ရာခိုင်နှုန်းသည် စွမ်းအားမြင့်မီးစက် လျှပ်စစ်ဓာတ်အားပေးမီးစက်များနှင့် ကုန်ကားများ၏ ဒီဇယ်သုံးစွဲမှုကြောင့်ဖြစ်သည်။ လျှပ်စစ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ၃၁ ရာခိုင်နှုန်းသည် scope 2 နှင့်သက်ဆိုင်သည်။ လာမည့်နှစ်မှစ၍ လေအားပေးစက်များတွင် ဂက်စ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ကာဗွန်ထုတ်လွှတ်မှုကို ဆန်းစစ်မည် ဖြစ်သည်။ ယခုလက်ရှိတွင် ကုန်ထုတ်လုပ်ငန်းတွင်သုံးစွဲသည့် ကုန်ကြမ်းများမှထွက်ပေါ်လာသည့် ကာဗွန်ထုတ်လုပ်မှု scope 3 ကို မတွက်ချက်သေးပါ။


# ဒေသခံစီးပွားရေးကို ဖော်ဆောင်ခြင်း

ကျွန်ုပ်တို့၏ ထုတ်ကုန်များကို တောင်သူဦးကြီးများသို့ ပို့ဆောင်ရန် နိုင်ငံတဝှမ်းရှိ ဖြန့်ဖြူးသူ ၃,၃၆၀ ကျော်ကို မှီခိုအားထားလျက် ရှိသည်။ တောင်သူဦးကြီးများ၏ သီးနှံများထိရောက်စွာစီမံနိုင်ရန်အတွက် လိုအပ်သောထုတ်ကုန်များကို ဖြန့်ဖြူးသူများထံမှတဆင့် ဖြန့်ချိရသည့်အတွက် မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ငန်းရပ်တည်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့် စီးပွားရေး မိတ်ဖက်များ ဖြစ်သည်။

ထို့ကြောင့် COVID-19 အတွင်း ကျွန်ုပ်တို့ဝန်ထမ်းများအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းစဉ် စီစဉ်ရာတွင် ဖြန့်ဖြူးသူများနှင့် သူတို့၏မိသားစုဝင်များအတွက်ပါ ထည့်သွင်းဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ လက်ရှိပဋိပက္ခများ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာ သည့် အခက်အခဲခံစားရမှုများကို လျှော့နည်းစေရန် လိုအပ်သည့်အကူအညီများပေးရန် အသင့်ရှိနေပါသည်။ ဥပမာအားဖြင့် အချိန်မှီ ပြန်မဆပ်နိုင်သည့် ဖြန့်ဖြူးသူများ၏ ငွေပေးချေမှုများကို အဆင်ပြေစေရန် ပြင်ဆင်ပေးခဲ့သည်။ စစ်ကိုင်းရှိ အိမ်ရာဆုံးရှုံးသွားသည့် ဖြန့်ဖြူးသူများအတွက် နေရာသစ်ရှာပေးခြင်းနှင့် ပြောင်းရွှေ့ခြင်းတို့တွင် ကူညီပေးခဲ့သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း ကျွန်ုပ်တို့၏ထုတ်ကုန်များ နိုင်ငံတစ်ဝှမ်းတွင် လုံခြုံစွာဖြန့်ဖြူးနိုင်ရေးအတွက် အလွန်နီးကပ်စွာ လုပ်ဆောင်ခဲ့သည်။

ကျွန်ုပ်တို့၏ ကုန်စည်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်ကိုလည်း အသွင်ပြောင်းခဲ့သည်။ ကုန်ထုတ်လုပ်ငန်းစဉ်တွင် အခက်အခဲ မဖြစ်စေရန် ကုန်စည်တင်သွင်းသူအသစ်များကို ရှာဖွေခဲ့သည်။ အကျိုးရလဒ်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၆၃၈ ဦးရှိနေရာမှ ၂၀၂၃ ခုနှစ် တွင် ၁,၂၁၃ သို့တိုးလာပြီး ၉၈ ရာခိုင်နှုန်းသည် မြန်မာပြည်တွင်း ကုန်စည်တင်ပို့သူများဖြစ်သည်။

ထို့အပြင် ပြည်တွင်းသွင်းကုန်လိုင်စင် ရရှိရန်ရှုပ်ထွေးနေသည့် အချိန်ကာလဖြစ်သည့်အတွက် ကုန်စည်ဝယ်ယူရေးတွင် ပြည်တွင်းကို အားထားရန် ကြိုးစားခဲ့သည်။ ထို့ကြောင့် ပြည်တွင်းကုန်စည် တင်သွင်းသူများကို ၂၀၂၂ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းအသုံးပြုခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၅၃ ရာခိုင်နှုန်း အသုံးပြုခဲ့သည်။




ကျွန်ုပ်တို့၏ ကုန်စည်တင်သွင်းမှုကို ၂၀၂၂ခုနှစ်နှင့် ၂၀၂၃ခုနှစ်ကို နှိုင်းယှဉ်ပါက ၁၇၃ ရာခိုင်နှုန်း တိုးလာပြီး ပြည်တွင်းကုန်စည်တင်သွင်း သူများမှာ ၇၀၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်တွင် မြန်မာပြည်တွင်း စီးပွားရေးလုပ်ငန်းအများစုကို အသုံးပြုခဲ့သည့်အတွက် အဆိုပါလုပ်ငန်းများတွင် လုပ်ကိုင်နေသောဝန်ထမ်းများအတွက် စိတ်ချရသော အလုပ်အကိုင်များရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

# စီးပွားရေးသမာဓိ ခိုင်မာစေခြင်း

မြန်မာ့သြဘာလုပ်ငန်းစု၏ ကျင့်ဝတ်စည်းမျဉ်းကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် တွင်ကြည့်ရှုနိုင်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းအုပ်ချုပ်ပုံများ ကို ဖော်ပြထားသည့်အတွက် အမှားတစ်စုံတစ်ရာတွေ့ရှိပါက သတိပေးရန် တိုက်တွန်းပါသည်။ ပြီးခဲ့သည့်နှစ်တွင် စီးပွားရေးသမာဓိနှင့် ပတ်သက်သည့် သတိပေးချက်များကို မှတ်တမ်းတင်မထားသော်လည်း ကျွန်ုပ်တို့၏ မူဝါဒနှင့်မကိုက်ညီသည့် ကျင့်ဝတ်ဖောက်ဖျက်မှု ၁၇ ခုကို တွေ့ရှိခဲ့သည်။ ထို့အပြင် ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေးအရာရှိသည် ၂၀၂၃ ခုနှစ်တွင် UNODC မှစီစဉ်သည့် သင်တန်းအား တက်ရောက်ခဲ့ပြီး ကျွန်ုပ်တို့မူဝါဒများနှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်ထံမှ အကြံပြုချက်တစ်ချို့ ရရှိခဲ့သည်။ ကျွန်ုပ်တို့၏လုပ်ငန်းစဉ်များ မြှင့်တင်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် မူဝါဒများနှင့်ပတ်သက်ပြီး ပြန်လည် သုံးသပ်ရန် ရည်မှန်းထားသည်။

၂၀၂၂ ခုနှစ်တွင် ပိုမိုကောင်းမွန်သည့် သတင်းအချက်အလက်များအား ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်တွင် ဖော်ပြရန် ဆုံးဖြတ်ခဲ့သည်။ ရလဒ် အားဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သည့် ပွင့်သစ်စအစီရင်ခံစာတွင် အဆင့် ၉ ရရှိခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် အဆင့် ၂၉ ရရှိခဲ့သည့်အတွက် တိုးတက်လာမှုကို တွေ့မြင်ရသည်။ ၂၀၂၂ ခုနှစ်တွင် ကျွန်ုပ်တို့၏ ကုန်ထုတ်စက်ရုံတစ်ရုံအား နေရာပြောင်းရွှေ့ခဲ့သည့် အကြောင်းကို ကြိုတင်ထုတ်ပြန်ခဲ့သည်။

# ပိုမိုကောင်းမွန်အောင် အားလုံးအတူတကွ ဆောင်ရွက်ခြင်း

**မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် အကျိုးသက်ဆိုင်သူများနှင့် ပုံမှန်တွေ့ဆုံဆက်သွယ်ရန် ရည်မှန်းထားသည်။ ရေရှည်တည်တံ့သော ဆက်ဆံရေးတည်ဆောက်ရန်နှင့် လုပ်ငန်းလည်ပတ်ရန်အတွက် ကျွန်ုပ်တို့၏ဂုဏ်သိက္ခာနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများကို ကာကွယ်ရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ ဦးစားပေးခံယူချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် ပရဟိတအကူအညီများကို ပံ့ပိုးကူညီပေးရန် စိတ်အားထက်သန်နေသည်။**

## အကျိုးသက်ဆိုင်သူများနှင့် တက်ကြွစွာဆက်ဆံခြင်း

ကျွန်ုပ်တို့အပေါ်အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုနှင့်စိတ်ချရမှုသည် မြန်မာ့သြဘာလုပ်ငန်းစုအတွက် အရေးကြီးဆုံးအချက် ဖြစ်သည်။ အရေးကြီးဆုံးသော အကျိုးသက်ဆိုင်သူများနှင့် ပုံမှန်ထိတွေ့ဆက်ဆံပြီး ကျွန်ုပ်တို့၏ချဉ်းကပ်ပုံသည် မြန်မာသြဘာ လုပ်ငန်းစု၏ ချမှတ်ထားသည့် မူဝါဒများ နှင့် ကိုက်ညီပြီး လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်သည်။

ကုန်ထုတ်လုပ်ငန်းခွင်အနီးရှိ လူများအား ဆောင်ရွက်မှုလုပ်ငန်းစဉ်များကြောင့် ဆိုးရွားစွာထိခိုက်မှုမရှိစေရန်အတွက်၊ ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေးအဖွဲ့သည် ဒေသခံများထံမှ ရရှိသော မကျေနပ်ချက်များကို ပုံမှန်စောင့်ကြည့်နေသည်။ ၂၀၂၃ ခုနှစ်တွင် မကျေနပ်ချက် တိုင်ကြားစာ ၂ စောင်ရရှိခဲ့ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက် (၃)ရပ် ချမှတ်ပြီး ဖြေရှင်းခဲ့သည်။




ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေး အရာရှိ သည် မြန်မာ့သြဘာလုပ်ငန်းစု၏ စီမံခန့်ခွဲမှု ဆောင်ရွက်ပုံကို ရေရှည်တည်တံ့ခိုင်မြဲသော မြန်မာစီးပွားရေးကွန်ယက် (Myanmar Sustainable Business Network) မှပို့ချသော သင်တန်းတွင် မျှဝေခဲ့သည်။ အဆိုပါသင်တန်းတွင် လက်တွေ့အသုံးပြုနိုင်သော နည်းစနစ်များကိုမျှဝေခဲ့သည်။ ထို့အပြင် ဒေသခံ များနှင့် ပိုမိုထိရောက်စွာ ပုံမှန်ထိတွေ့လာခြင်း ကြောင့် ရရှိခဲ့သော သင်ခန်းစာများကိုလည်း မျှဝေခဲ့သည်။

## လိုအပ်နေသူများအား ပံ့ပိုးကူညီခြင်း

မြန်မာ့သြဘာလုပ်ငန်းစုအနေဖြင့် အကူအညီလိုအပ်နေသူများအား ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။ မြန်မာ့သြဘာလုပ်ငန်းစု၏ CSRမူဝါဒ တွင် ကျွန်ုပ်တို့၏ ဆောင်ရွက်ပုံအသေးစိတ်နှင့် မဏ္ဍိုင်လေးရပ်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး နှင့် သဘာဝ ဘေးအန္တရာယ်ကယ်ဆယ်ရေး အစရှိသောအကြောင်းအရာများကို ဖော်ပြထားသည်။

ယခင်နှစ်က လူမှုရေးဆိုင်ရာလုပ်ငန်းများအတွက် မြန်မာကျပ်ငွေ သန်း ၃၀၀ နီးပါးလှူဒါန်းခဲ့သည်။ ဘဏ္ဍာရေး နှစ် ၂၀/၂၁ တွင် မြန်မာကျပ်ငွေ ၄၅သန်းလှူဒါန်းခဲ့ပြီး ဘဏ္ဍာရေးနှစ် ၂၁/၂၂ နှင့် မြန်မာကျပ်ငွေ ၆၄၃သန်း လှူဒါန်းခဲ့သည်။ မြန်မာ့သြဘာလုပ်ငန်းစုအနေနဲ့ လူများ (စာမျက်နှာ ၁၅ တွင်ကြည့်ရှုပါ) နှင့် ဖြန့်ဖြူးသူများ (စာမျက်နှာ ၁၈ တွင်ကြည့်ရှုပါ) အား ပံ့ပိုးကူညီမှုပေးနိုင်ရေးအပေါ် အာရုံစိုက်ရန် ဆုံးဖြတ်ထားသည်။

# ESG အစီရင်ခံ တင်ပြခြင်း

## စံနှုန်းများ

ကျွန်ုပ်တို့၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်ထုတ်ပြန်ချက်ကို ပုံဖော်ဖွဲ့စည်းရန် အတွက် အဓိကစံနှုန်း လေးခုကို ထည့်သွင်းစဉ်းစားပါသည်။

SUSTAINABLE DEVELOPMENT GOALS | GRI STANDARDS | SASB | <IR>

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ ပန်းတိုင်များ

လက်ရှိတွင် အောက်ဖော်ပြပါ SDG များသည် မြန်မာ့ဩဘာလုပ်ငန်းစုနှင့် အသက်ဆိုင်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

| SDG | အကြောင်းပြချက် | အဓိကအချက်အလက်များ (၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်) |
|---|---|---|
| 2 ZERO HUNGER | စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၏ ကျောရိုးဖြစ်သည်။ ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေးကို ထောက်ပံ့ပေးခြင်းသည် စိုက်ခင်းများ၏ အထွက်နှုန်းကို မြှင့်တင်ရန်နှင့် နိုင်ငံတစ်ဝန်းရှိ ထောင်ချီသော လယ်သမား လူမှုအသိုင်းအဝိုင်းများ၏ အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ရန်အတွက် အရေးကြီးပါသည်။ | • ဖြန့်ဖြူးသူပေါင်း ၃,၃၆၀ ကျော်နှင့် ပူးပေါင်းပြီး နိုင်ငံတစ်ဝှမ်းရှိ သိန်းပေါင်း များစွာသော တောင်သူဦးကြီးများကို ဝန်ဆောင်မှုပေးခဲ့သည်။<br>• ကျွန်ုပ်တို့၏ကျွမ်းကျင်ပညာရှင်များသည် ကျွမ်းကျင်မှုများကို မျှဝေရန် သင်တန်း ပေါင်း ၁,၅၇၀ ကျော်ကို စီစဉ်ခဲ့ပြီး တောင်သူဦးကြီးပေါင်း ၇၄,၈၀၀ ကျော် နှင့် တွေ့ဆုံဆက်သွယ်ခဲ့သည်။ |
| 5 GENDER EQUALITY | တာဝန်ယူမှု တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းစု တစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဝန်ထမ်းများအတွက် တရားမျှတသော အားလုံးပါဝင်ပြီး လေးစားမှုရှိသည့် လုပ်ငန်းခွင် အခြေအနေကို ဖော်ဆောင်ပေးနိုင်ရန် ရည်မှန်းပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ ထဲမှ တစ်ခုဖြစ်သော မဟာ သည် စီးပွားရေးလုပ်ငန်းရှင်များ၊ ကျားမတန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း တွင်ပါဝင်သည် | • ကျွန်ုပ်တို့ ဝန်ထမ်းများ ၏ ၂၃ ရာခိုင်နှုန်း သည် အမျိုးသမီးများ ဖြစ်သည်။<br>• စီမံခန့်ခွဲမှုရာထူးကို တာဝန်ယူထားသူများ အနက် ၂၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသည်။<br>• ရာထူးတိုးသူများ၏ ၂၉ ရာခိုင်နှုန်း သည် အမျိုးသမီးများဖြစ်သည်။ |
| 8 DECENT WORK AND ECONOMIC GROWTH | ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်နေပြီး ကျွန်ုပ်တို့၏ ဝန်ထမ်းများအတွက် တိုက်ရိုက်သာမက ကျွန်ုပ်တို့၏ ကုန်ပစ္စည်း ပေးသွင်းသူများနှင့် လုပ်ဆောင် နေသူများအတွက် သွယ်ဝိုက်၍ပါ အလုပ်အကိုင်များ ဖန်တီးပေးပါသည်။ | • ၂၀၂၃ ခုနှစ် မတ်လကုန်တွင် ကျွန်ုပ်တို့တွင် ဝန်ထမ်း ၂,၆၁၇ ဦးရှိသည်။<br>• ကျွန်ုပ်တို့သည် ဝန်ထမ်းသစ် ၄၄၁ ဦးကို ခန့်အပ်ခဲ့ပြီး ၉၁ ဦးကို ရာထူးတိုးခဲ့သည်။<br>• ကျွန်ုပ်တို့သည် ကုန်စည်တင်သွင်းသူ ၁,၂၀၀ ကျော် နှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနက် ၉၈ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှ ဖြစ်သည်။ |
| 6 CLEAN WATER AND SANITATION | လုပ်ငန်းလည်ပတ်ရန်အတွက် ကျွန်ုပ်တို့၏ ကုန်ထုတ်လုပ်သော စက်ရုံများသည် ရေကို ထုတ်ယူရန်နှင့် စွန့်ထုတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများမှ ညစ်ညမ်းမှု၊ ရေပြတ်လပ်မှုစသည့် ဒေသဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရန် ဂရုတစိုက် စောင့်ကြည့်လျက်ရှိပါသည်။ | • ကျွန်ုပ်တို့သည် ရေကုဗမီတာ ၇၆,၈၈၃ သုံးစွဲပြီး ကုဗမီတာ ၂,၄၈၃ ကို စွန့်ထုတ်ခဲ့သည်။ |

| | | |
|---|---|---|
| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ကျွန်ုပ်တို့၏ထုတ်ကုန်များထုတ်လုပ်ရန် ဓာတုပစ္စည်းအမျိုးမျိုးနှင့် ကုန်ကြမ်းများကို အသုံးပြုပါသည်။ မြန်မာ့သြဘာမှ အန္တရာယ်ရှိသော ပစ္စည်းများ သိမ်းဆည်းခြင်းနှင့် သယ်ယူခြင်းအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက်များ အားလုံးကို သေချာစွာ လိုက်နာဆောင်ရွက်ပါသည်။ | • ကျွန်ုပ်တို့သည် ကုန်ကြမ်း မက်ထရစ်တန် ၁၁၄,၀၀၀ ကျော် ကို အသုံးပြုခဲ့သည်။<br>• ကျွန်ုပ်တို့၏လုပ်ဆောင်မှုများမှ အမှိုက် ၄,၀၄၀ မက်ထရစ်တန် ကို ထွက်ရှိစေခဲ့ပြီး ၅၆၈ တန် ကို ပြန်လည်အသုံးပြုခဲ့သည်။ |
| 13 CLIMATE ACTION | မြန်မာနိုင်ငံသည် ရာသီဥတု ဖောက်ပြန်မှုဒဏ်ကို ပြင်းထန်စွာ ခံစားရမည့် နိုင်ငံများအနက်တစ်နိုင်ငံ အပါအဝင်ဖြစ်ပြီး ဤသက်ရောက်မှုဒဏ်ကို လယ်သမားများသည် အများဆုံး ခံစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စွမ်းအင်သုံးစွဲမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ချရန် လုပ်ဆောင် နေပါသည်။ | • ကျွန်ုပ်တို့သည် ၃,၂၈၃ တန် နှင့် ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်ခဲ့သည်။<br>• ကျွန်ုပ်တို့၏ထုတ်လွှတ်မှု၏၄၁ ရာခိုင်နှုန်းသည် ကျွန်ုပ်တို့၏ Scope 1 နှင့်သက်ဆိုင်ပါသည်။ |
| 15 LIFE ON LAND | ပျားများနှင့် အခြားဝတ်မှုန်ကူးသော အရာများသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အရေးကြီးပါသည်။ ၎င်းတို့သည် သီးနှံများ ကြီးထွားရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ပံ့ပိုးပေးသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်များကို တာဝန်သိစွာ အသုံးပြုခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ် ပါသည်။ | • ကျွန်ုပ်တို့၏ထုတ်ကုန်များကို တာဝန်သိစွာ အသုံးပြုခြင်းနှင့်ပတ်သက်၍ အသိပညာပေးရန်အတွက် ထောင်နှင့်ချီသော လှုပ်ရှားမှုများ ပြုလုပ် ခဲ့သည်။ |

## GRI စံနှုန်းများ

ကျွန်ုပ်တို့၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းကို Global Reporting Initiative (GRI) Standards နှင့်အညီ ဆောင်ရွက်ပြီး ၂၀၂၄ ခုနှစ်မတိုင်မီအထိ GRI ၏ စိုက်ပျိုးရေးကဏ္ဍစံနှုန်းများကို လိုက်နာမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ GRI အကြောင်းအရာများသည် မြန်မာ့သြဘာ ၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက် ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်ပါသည်။

| GRI ခေါင်းစဉ်များ | GRI အဓိကခေါင်းစဉ်များ |
|---|---|
| စီးပွားရေးဆိုင်ရာ ခေါင်းစဉ်များ | ၂၀၁ – စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်<br>၂၀၃ – တိုက်ရိုက်မဟုတ်သည့် စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုများ<br>၂၀၄ – ကုန်စည်ဝယ်ယူခြင်း အလေ့အထများ<br>၂၀၅ – အဂတိလိုက်စားမှု တိုက်ဖျက်ရေး |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခေါင်းစဉ်များ | ၃၀၁ – ကုန်ကြမ်းများ<br>၃၀၂ – စွမ်းအင်<br>၃၀၃ – ရေနှင့် ရေဆိုးထွက်ခြင်း<br>၃၀၆ – စွန့်ပစ်ပစ္စည်း |
| လူမှုရေးဆိုင်ရာ ခေါင်းစဉ်များ | ၄၀၁ – အလုပ်ခန့်အပ်ခြင်း<br>၄၀၃ – လုပ်ငန်းခွင် ကျန်းမာရေးနှင့် လုံခြုံရေး<br>၄၀၄ – လုပ်ငန်းခွင် သင်တန်းပေးရေးနှင့် ပညာရေး<br>၄၀၅ – မတူညီခြင်းကို အသိအမှတ်ပြုခြင်းနှင့် တန်းတူအခွင့်အရေးပေးခြင်း<br>၄၀၆ – ခွဲခြားဆက်ဆံမှု မရှိခြင်း |

ကျွန်ုပ်တို့၏ GRI အညွှန်းကို မြန်မာ့သြဘာလုပ်ငန်းစု၏ ဝက်ဘ်ဆိုက် တွင် ထုတ်ပြန်ထားသည်။
ကျွန်ုပ်တို့၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် MAHA Agriculture Microfinance သည် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာများကို ၎င်းတို့၏ ကိုယ်ပိုင် ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်။

# ကျွန်ုပ်တို့၏ အချက်အလက်များ

## ◣ စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများ

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|
| **တာဝန်ရှိသော ထုတ်ကုန်များ** | | | | | |
| ထုတ်ကုန်အရေအတွက် | အရေအတွက် | ၄၄၆ | ၄၀၈ | ၈ | ၁၀၂-၆ |
| တစ်နှစ်တာအတွင်း အသစ်ထုတ်လုပ်ခဲ့သော ထုတ်ကုန်အရေအတွက် | အရေအတွက် | ၄၆ | ၄၃ | ၈ | ၁၀၂-၆ |
| ကိုယ်စားလှယ်ဦးရေ | အရေအတွက် | ၃,၃၆၇ | ၃,၉၉၀ | ၈ | ၁၀၂-၆ |
| တောင်သူလယ်သမားများအတွက် သင်တန်းပေးမှု အရေအတွက် | အရေအတွက် | ၁,၅၇၃ | ၉၅၈ | ၈ | ၁၀၂-၆ |
| သင်တန်းပေးခဲ့သည့် တောင်သူဦးရေ | အရေအတွက် | ၇၄,၈၅၅ | ၉၃,၃၂၁ | ၈ | ၁၀၂-၆ |
| **ကာဗွန်** | | | | | |
| ကာဗွန်ထုတ်လွှတ်မှု (Scope 1) | kg $CO_2$ eq. | ၂,၂၇၇,၈၁၅ | ၇၄၂,၅၄၆ | ၁၃ | ၃၀၅-၁ |
| ကာဗွန်ထုတ်လွှတ်မှု (Scope 2) | kg $CO_2$ eq. | ၁,၀၀၅,၃၁၀ | ၆၀၆,၈၉၁ | ၁၃ | ၃၀၅-၂ |

## ◣ လုပ်ငန်းခွင်

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|
| **အလုပ်လုပ်ကိုင်သူ ဦးရေ** | | | | | |
| အစီရင်ခံစာ တင်ပြသည့်နှစ်ကုန်တွင် အလုပ်လုပ်ကိုင်နေသူ စုစုပေါင်း ဦးရေ | အရေအတွက် | ၂,၆၁၇ | ၂,၅၉၄ | ၈ | ၁၀၂-၇ |
| အမျိုးသမီးဝန်ထမ်း ဦးရေ | အရေအတွက် | ၆၂၅ | ၆၇၇ | ၅, ၈ | ၄၀၅-၁ |
| အရာရှိမဟုတ်သည့် ဝန်ထမ်းဦးရေ | အရေအတွက် | ၁,၄၈၅ | ၁,၄၃၃ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသမီးဦးရေ | အရေအတွက် | ၃၄၅ | ၃၃၄ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသားဦးရေ | အရေအတွက် | ၁,၁၄၀ | ၁,၀၉၉ | ၅, ၈ | ၁၀၂-၈ |
| အရာရှိ ဝန်ထမ်းဦးရေ | အရေအတွက် | ၇၄၈ | ၈၀၄ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသမီးဦးရေ | အရေအတွက် | ၁၈၅ | ၂၆၁ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသားဦးရေ | အရေအတွက် | ၅၆၃ | ၅၄၃ | ၅, ၈ | ၁၀၂-၈ |
| မန်နေဂျာ ဝန်ထမ်းဦးရေ | အရေအတွက် | ၂၈၆ | ၂၇၈ | ၅, ၈ | ၁၀၂-၈ |

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|
| - အမျိုးသမီးဦးရေ | အရေအတွက် | ၇၄ | ၆၄ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသားဦးရေ | အရေအတွက် | ၂၁၂ | ၂၁၄ | ၅, ၈ | ၁၀၂-၈ |
| အကြီးတန်းစီမံခန့်ခွဲမှု ဝန်ထမ်းဦးရေ | အရေအတွက် | ၇၁ | ၅၈ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသမီးဦးရေ | အရေအတွက် | ၁၉ | ၁၇ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသားဦးရေ | အရေအတွက် | ၅၂ | ၄၁ | ၅, ၈ | ၁၀၂-၈ |
| ထိပ်တန်းစီမံခန့်ခွဲမှု ဝန်ထမ်းဦးရေ | အရေအတွက် | ၂၇ | ၂၁ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသမီးဦးရေ | အရေအတွက် | ၂ | ၁ | ၅, ၈ | ၁၀၂-၈ |
| - အမျိုးသားဦးရေ | အရေအတွက် | ၂၅ | ၂၀ | ၅, ၈ | ၁၀၂-၈ |
| **ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း** | | | | | |
| အလုပ်ထွက်နှုန်း | % | ၁၈% | ၇% | ၅, ၈ | ၄၀၁-၁ |
| **ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (အလုပ်ရုံများ)** | | | | | |
| မတော်တဆထိခိုက်မှုအရေအတွက် | အရေအတွက် | ၄၀ | ၂၀ | ၈ | ၄၀၃-၉ |
| ထိခိုက်မှုနှုန်း*<br>*Scope: MAI & Piti Pyae Zone | မတော်တဆ ထိခိုက်မှု/ အလုပ်ချိန် ၂၀၀,၀၀၀ | ၁.၄ | ၁.၅ | ၈ | ၄၀၃-၉ |
| **သင်တန်းပေးရေး** | | | | | |
| သင်တန်းပို့ချခဲ့သည့် အရေအတွက် | နာရီပေါင်း | ၆၅၆ | ၆၄၃ | ၄, ၈ | ၄၀၄-၁ |
| သင်တန်းပေးခဲ့သည့် ဝန်ထမ်းရာခိုင်နှုန်း | % | ၂၅၅% | ၂၇၈% | ၄, ၈ | ၄၀၄-၃ |
| ဝန်ထမ်းတစ်ဦးချင်းစီအတွက် ပျမ်းမျှသင်တန်းအချိန် | နာရီပေါင်း | ၀.၂၅ | ၀.၂၄ | ၄, ၈ | ၄၀၄-၁ |
| **အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်မှု** | | | | | |
| စုစုပေါင်း ခန့်ထားသည့် ဝန်ထမ်းဦးရေ | အရေအတွက် | ၄၄၁ | ၁၁၄ | ၅, ၈ | ၄၀၄-၁ |
| - အမျိုးသမီးဦးရေ | အရေအတွက် | ၁၀၄ | ၂၉ | ၅, ၈ | ၄၀၄-၁ |
| - အမျိုးသားဦးရေ | အရေအတွက် | ၃၃၇ | ၈၅ | ၅, ၈ | ၄၀၄-၁ |
| ရာထူးတိုးမြှင့်ခံရသည့် ဝန်ထမ်းဦးရေ | အရေအတွက် | ၉၁ | ၂၂ | ၅, ၈ | ၄၀၄-၁ |

## စီးပွားရေးသမာဓိ

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|
| **လိုက်နာဆောင်ရွက်မှု** | | | | | |
| ကျင့်ဝတ်ဖောက်ဖျက်မှု အရေအတွက် | အရေအတွက် | ၁၇ | ၂ | ၁၆ | ၂၀၅-၃ |
| **ပွင့်လင်းမြင်သာမှု** | | | | | |
| ပွင့်သစ်စ အဆင့်သတ်မှတ်ချက် | အရေအတွက် | ၉ | ၂၉ | ၁၆ | - |
| **စွမ်းအင်ဆိုင်ရာ** | | | | | |
| စွမ်းအင်သုံးစွဲမှု စုစုပေါင်း | ကီလိုဝပ် | ၁၁,၈၇၉,၄၀၉ | ၄,၆၅၀,၇၀၄ | ၁၂, ၁၃ | ၃၀၂-၁ |
| **ရေသုံးစွဲမှု** | | | | | |
| ရေသုံးစွဲမှု ပမာဏ | ကုဗမီတာ | ၇၆,၈၈၃ | ၁၇,၅၁၄ | ၆ | ၃၀၃-၅ |
| သွင်းရေ | ကုဗမီတာ | ၇၆,၈၈၃ | ၁၄,၀၅၀ | ၆ | ၃၀၃-၃ |
| စွန့်ထုတ်ရေ | ကုဗမီတာ | ၂,၄၈၃ | ၇,၄၀၇ | ၆ | ၃၀၃-၄ |
| **အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ** | | | | | |
| အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု | တန်ပေါင်း | ၄,၀၄၀ | ၁၁,၀၃၅ | ၁၃ | ၃၀၆-၃ |

## အားလုံးအတူတကွဆောင်ရွက်ခြင်း

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|
| **ပရဟိတလှူဒါန်းမှုများ** | | | | | |
| စုစုပေါင်း လှူဒါန်းမှုများ | ကျပ် | ၂၉၉,၉၆၈,၇၃၀ | ၄၅,၀၀၀,၀၀၀ | ၉ | ၂၀၃-၁ |

